# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၆)ရက်၊ ဗုဒ္ဓဟူးနေ့၊ (10-12-2025)၊ အတွဲ (၃၄)၊ အမှတ် (၂၂၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ နိုင်ငံဘက်စုံတိုးတက်ဖို့ ပြည်သူ့ကိုယ်စားလှယ်ရွေးကြစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် Video Message



(၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်)

**အားလုံးမင်္ဂလာပါ။**

ယနေ့ ဒီဇင်ဘာ ၉ ရက်မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ အထူးဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြုပြင်ပြောင်းလဲရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ အဂတိလိုက်စားမှုပြဿနာဟာ ကြီးမားတဲ့အဟန့်အတားဖြစ်ပါတယ်။ မိမိတို့အစိုးရအနေနဲ့ အမျိုးသားအကျိုးစီးပွားကို အလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ပွင့်လင်းမြင်သာမှု၊ဖြောင့်မတ်တည်ကြည်မှု၊မျှတမှု၊တရားဥပဒေစိုးမိုးမှု စတဲ့ကောင်းမြတ်တဲ့အလေ့အထတွေ ပိုမိုမြင့်မားလာစေရေးကို မျှော်မှန်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာနဲ့ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား**

စာမျက်နှာ - ၁၆

**တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီ အစည်းအဝေး ကျင်းပ**

စာမျက်နှာ - ၁၉

**ဆီးဂိမ်းပြိုင်ပွဲ ရိုးရာခြင်းလုံးပြိုင်ပွဲတွင် မြန်မာ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ဗိုလ်လုပွဲအဆင့် တက်ရောက်**

စာမျက်နှာ - ၉




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# လူ့အခွင့်အရေးစံနှုန်းမြင့်နိုင်ငံဖြစ်လာရေး ပြည်သူအားလုံးပူးပေါင်းပေး

လူ့အခွင့်အရေးသည် ကမ္ဘာတစ်ဝန်းရှိ လူသားအားလုံးနှင့်သက်ဆိုင်ပြီး အခြေခံအကျဆုံး၊ အရေးအကြီးဆုံးဖြစ်သော အသက်ရှင်ခွင့်မှသည် အစားအစာ၊ ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေး၊ လွတ်လပ်ခွင့် စသည့်အခွင့်အရေးများပါဝင်သည်။ လူ့အခွင့်အရေးများကို ကာကွယ်ရန် နိုင်ငံတိုင်း၏အစိုးရများတွင် တာဝန်ရှိပြီး လူတစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများကို လေးစားရန် လူတိုင်းတွင် တာဝန်ရှိပါသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ အဆိုပါကြေညာစာတမ်းကို ထောက်ခံမဲ ၄၈ မဲ၊ ကြားနေမဲ ရှစ်မဲဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ ကမ္ဘာတစ်ဝန်းလုံးတွင်ရှိကြသည့် လူသားအားလုံးတို့၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို သဘောတူထောက်ခံခဲ့သည့် နိုင်ငံ ၄၈ နိုင်ငံတွင် မြန်မာနိုင်ငံလည်း ပါဝင်ခဲ့သည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည့် ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့တွင် ၇၇ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ်ပေါင်း ၃၀ ပါရှိပြီး အပိုဒ် ၁ နှင့် ၂ တွင် လူ့အခွင့်အရေးအားလုံး၏အခြေခံများ၊ အပိုဒ် ၃ မှ အပိုဒ် ၂၁ ထိတွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ အပိုဒ် ၂၂ မှ အပိုဒ် ၂၇ ထိတွင် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ အပိုဒ် ၂၈ မှ အပိုဒ် ၃၀ ထိတွင် လူသားတို့၏ တာဝန်ဝတ္တရားများကို ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ထောက်ခံအတည်ပြုခဲ့သည့်အပြင် မြန်မာနိုင်ငံသားများ၏ လူ့အခွင့်အရေးများ တိုးတက်ဖော်ဆောင်ရန်နှင့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရာတွင် အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ ပြည့်ဝစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်း နိုင်ငံသားများ၏ အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ကျင့်သုံးလိုက်နာပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များဖြစ်ကြသည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့်နောက်ဆက်တွဲစာချုပ်နှစ်ခု၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုနိုင်ခဲ့သည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ အခြေခံလူ့အခွင့်အရေးများကို ခံစားရရှိပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိကကျပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့်နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း လူ့အခွင့်အရေးစံများကို လေးစားလိုက်နာကျင့်သုံးပြီး မိမိနိုင်ငံ အေးချမ်းသာယာ၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ကာ လူ့အခွင့်အရေးစံနှုန်းမြင့်မားသည့် နိုင်ငံဖြစ်လာစေရေးအတွက် အစိုးရနှင့်အတူ ဝိုင်းဝန်း လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
**၁၈**
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်ဟိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၄၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၅၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ အနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး တိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်တွင် ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဘိုကလေး ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကုန်စိမ်းဈေးကွက်တွင် ခရမ်းသီးများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းထွေးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက် ခရမ်းသီးများ ယခုနှစ် ဒီဇင်ဘာလ ပထမပတ်မှစပြီး ယနေ့ထိ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင်ထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၀၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဘိုကလေးမြို့နယ်ကနေ အခြားဒေသတွေကို ခရမ်းသီးအလုံးရေ ၅၀၀၀၀ ထိ တစ်ရက်တာ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက် ခရမ်းသီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်းလဲ ကောင်းနေပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော၊ အရှည်သီးကော အမျိုးအစားနှစ်မျိုးစလုံးပါ အရောင်းအဝယ် ကောင်းမွန်နေပါတယ်"ဟု ဘိုကလေးမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းထွေးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ခရမ်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ခရမ်းသီးများ အပါအဝင် အခြားကုန်စိမ်းများကို ကျောင်းကုန်း၊ မော်လမြိုင်ကျွန်း၊ ကျိုက်လတ် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းထွေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၁၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြို့သန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်၍ စည်ပင်သာယာရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တွေ့ဆုံမှာကြား



**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံး ရှစ်ထပ်ဆောင်၌ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများကိုတွေ့ဆုံကာ မြို့သန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်၍ စည်ပင်သာယာရေး လုပ်ငန်းများကို စည်ပင်သာယာရေးဥပဒေနှင့်အညီ ပိုမိုထိရောက်စွာဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရေး မှာကြားခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့သန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အလေးထား လိုက်နာဆောင်ရွက်သွားရေးအတွက် တွေ့ဆုံမှာကြားခြင်းဖြစ်ကြောင်း၊ မြို့သန့်ရှင်းသာယာလှပရေး၊ အမှိုက်ကင်းစင်ရေး၊ မြို့အင်္ဂါရပ်၊ လမ်းအင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ မြို့နေလူထု စိတ်ချမ်းမြေ့စေရေးအတွက် စည်ပင်သာယာလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ထုတ်ပြန်ထားသည့် စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လူဦးရေ တိုးမြင့်လာသည်နှင့်အမျှ စားသုံးသူလိုအပ်ချက်များ ရှိလာပြီး ရောင်းချသည့်ဆိုင်များ တိုးလာသည့်အတွက် လမ်းဘေးဈေးဆိုင်များ၊ အိမ်ဆိုင်များ တိုးပွားလာသည့်ကိစ္စနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ရန် လိုကြောင်း၊ ယာဉ်အသွားအလာ ရှုပ်ထွေးမှု မဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် လမ်းမဧရိယာများပေါ်နှင့် ပလက်ဖောင်းများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ခင်းကျင်းရောင်းချနေမှုများကို ထိရောက်စွာ တားမြစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ Fiber Cable ကြိုးသွယ်တန်း တပ်ဆင်ထားမှုများ စနစ်တကျဖြစ်စေရေး ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မန္တလေးလျှင်ကြီးအလွန် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြရာ လျှောင်ဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၌ အလေးထားကာ ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် ထုတ်ပြန်ထားသည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း အဂတိတရားကင်းရှင်းစွာဖြင့် ရေတိုရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း ပြောကြားပြီးနောက် သက်ဆိုင်ရာတာဝန်ရှိသူများ၏ အသီးသီး ရှင်းလင်း တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေးဝ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲဧက ၁၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ မတ်ပဲဧက ၁၆၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၃၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်နေပါတယ်" ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် မတ်ပဲအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်း ပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဒီဇင်ဘာ ၉**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နိုဝင်ဘာလအတွင်း ဒီဘက်ကနေ ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ညှော်မထဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အရင်လအတွင်းမှာကောလတ်တလောအနေနဲ့ပါ ညှော်မထဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော်မထဆန် ၂၄ ပြည်ဝင် ဆန်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်အိတ်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကျစွာမင်း၏ မိထွေးတော်ကျောက်စာ

**မောင်သာ(ရှေးဟောင်းသုတေသန)**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံနေရာဒေသအသီးသီးမှ ရရှိခဲ့သည့် ကျောက်စာများကို ဌာနလက်အောက်ရှိ ပြတိုက်များတွင် ခေတ်အဆက်ဆက် စုဆောင်းထိန်းသိမ်းထားခဲ့သည်။ ၎င်းတို့အနက် အချို့ကျောက်စာများကို သုတေသီများအပါအဝင် အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ကျောက်စာခန်းများတွင် ပြသထားရာ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် အများဆုံးလေ့လာနိုင်သည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြခန်းဆောင် ၁၁ ခု ပြသထားသည့်အနက် ပုဂံခေတ်ဆိုင်ရာပြခန်း ကိုးခန်းပါဝင်သည်။ ပုဂံခေတ် စာပေဆိုင်ရာပြခန်းဆောင်တွင် ပုဂံခေတ်ထိုး မူရင်းကျောက်စာများကို ထိန်းသိမ်းပြသထားသည်။

ထိုကျောက်စာများတွင် ကျောက်စာတိုင်အမှတ် (၄၅)သည် ကျစွာမင်း၏ မိထွေးတော်ကျောက်စာဟု အမည်ရှိ၍ သက္ကရာဇ် ၅၉၇ ခုနှစ်နှင့် သက္ကရာဇ် ၆၁၅ ခုနှစ်တွင် ရေးထိုးခဲ့သည့် ကျောက်စာဖြစ်သည်။ ကျောက်စာကို ရေးထိုးသူသည် ကျောက်စာပါ စာသားများအရ ကျစွာမင်းကိုယ်တိုင်ဖြစ်သော်လည်း မိထွေးတော်ကို ရည်ညွှန်းရေးထိုးခဲ့သဖြင့် ကျစွာမင်း၏ မိထွေးတော်ကျောက်စာဟု အမည်ပေးခဲ့ဟန်ရှိသည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် ကျောက်စာ၏ ခေါင်းစီး၌ ကျောက်စာအမည်ကိုရေးထိုးလေ့မရှိခဲ့သောကြောင့် နှောင်းလူများက သင့်လျော်သည့် အမည်ပေးခြင်းဖြစ်သည်။

**ဝက်ကြီးအင်းဂူပြောက်ကြီး**

ကျစွာမင်း၏ မိထွေးတော်ကျောက်စာကို ပုဂံရှိ စူဠာမဏိစေတီ၏ မြောက်ဘက်၊ ဝက်ကြီးအင်းရွှေချောင်း၏ အရှေ့ဘက်တွင် တည်ရှိသည့် ဘုရားစေတီစုများအတွင်းမှ တွေ့ရှိခဲ့သည်။

ညောင်ဦးမြို့မှ ပုဂံမြို့ဟောင်းသို့ မော်တော်ကားဖြင့်သွားလျှင် ဝက်ကြီးအင်းရွှေချောင်းသို့ မရောက်မီလမ်း၏အရှေ့ဘက် ခပ်လှမ်းလှမ်းတွင် စိတ်ဝင်စားဖွယ်ကောင်းသည့် ရှေးဟောင်းအဆောက်အအုံတချို့ကို မြင်တွေ့ရသည်။ ထိုအဆောက်အအုံများအနက် အိန္ဒိယနိုင်ငံ ဂယာမြို့ရှိ ဗုဒ္ဓဂယာမဟာဗောဓိစေတီအထွတ်နှင့် ဆင်တူသည့် ဂူဘုရားသည် ဝက်ကြီးအင်းဂူပြောက်ကြီးဘုရားဟု ထင်ရှားသည်။

ဝက်ကြီးအင်းဂူပြောက်ကြီးသည် ပုဂံရွှေစည်းခုံစေတီ တောင်ဘက်ယွန်းယွန်းတွင် တည်ရှိ၍ ရွှေစည်းခုံစေတီသို့ ဝင်သည့် တောင်ဘက်ကားလမ်းမှ မိုင်ဝက်ခန့် ကွာဝေးသည်။ ဘုရားတည်နေရာသည် ဝက်ကြီးအင်း၏ အရှေ့တောင်ဘက်ဖြစ်သည်။

ပုဂံစေတီပုထိုးများစာရင်းတွင် စေတီပုထိုးအမှတ် (၂၉၈) ဖြစ်သည့် ဝက်ကြီးအင်းဂူပြောက်ကြီးဘုရားသည် အရွယ်အစား အလယ်အလတ်ရှိသည့် နှစ်ထပ်လိုဏ်ဘုရားဖြစ်သည်။ ၁၃ ရာစုလက်ရာအဆောက်အအုံဖြစ်သည့် ဂူပြောက်ကြီး၏အထက်ကွမ်းတောင်ကို ဗုဒ္ဓဂယာမဟာဗောဓိစေတီ၏အထွတ်ပုံစံ တည်ဆောက်ထားသည်။

ဂူပြောက်ကြီး၏ အတွင်းပိုင်းနံရံများတွင် ပုဂံခေတ်လက်ရာနံရံဆေးရေးပန်းချီများနှင့် မင်စာများရှိပြီး ဂူဘုရား၏အရှေ့ဘက်ဆောင်အမိုးတွင် ရေးဆွဲထားသည့် ခြေတော်ရာကွက်အပါအဝင် လိုဏ်နံရံများတွင် ရေးဆွဲထားသည့် ပန်းချီများသည် အလွန်လက်ရာမြောက်ကာ သုတေသီများကြားတွင် အထူးထင်ရှားခဲ့သည်။

၁၈၉၉ ခုနှစ်တွင် ဂျာမန်လူမျိုးထောမန်နှင့် အဖွဲ့က ပန်းချီများရေးဆွဲထားသည့် အင်္ဂတေနံရံများကို လွှဖြင့် ဖြတ်ပြီး အချပ်လိုက်ခွာယူရန်ကြိုးပမ်းခဲ့သည်။ နံရံအောက်ပိုင်းနှင့် ဘေးဘက်ရှိ အချို့သောအစိတ်အပိုင်းများကို ခွာယူသွားခဲ့ပြီး နံရံအပေါ်ပိုင်းရှိ ပန်းချီချပ်များကိုခွာယူရန် ကြိုးပမ်းထားသည့် လွှတိုက်ရာများကို ယနေ့တိုင်တွေ့မြင်နိုင်ကြသည်။

**ကျစွာမင်းနှင့် မိထွေးတော်**

ကုန်းဘောင်ခေတ်၊ စစ်ကိုင်းမင်းလက်ထက်တွင် မှန်နန်းမဟာရာဇဝင်တော်ကြီး ပြုစုသည့်အဖွဲ့ကို ဦးဆောင်ခဲ့သည့် မုံရွေးဆရာတော် ရှင်အရိယာဝံသအာဒိစ္စရံသီသည် မုံရွေးမဟာရာဇဝင်ကျော်ကျမ်းကို မိမိ တစ်ပါးတည်းသီးခြားပြုစုခဲ့သည်။ မြန်မာရာဇဝင်ကျမ်းများတွင် ပုဂံမင်းဆက်ကို ၅၅ ဆက်သာ ပြဆိုကြသော်လည်း မုံရွေးရာဇဝင်ကျော်တွင် ပုဂံမင်းဆက်ကို ကျမ်းပြုဆရာတော်က သမုဒ္ဒရာဇ်မင်းမှ စောမွန်နစ်မင်းထိ မင်းဆက် ၅၈ ဆက်ကို ဖော်ပြခဲ့သည်။

မုံရွေးရာဇဝင်ကျော်အရ ကျစွာမင်း(၁၂၃၅-၁၂၅၁)သည် ပုဂံခေတ်၏ ၅၂ ဆက်မြောက်ဘုရင်ဖြစ်၍ ပုဂံခေတ်နှောင်းပိုင်းတွင် နန်းတက်ခဲ့သည့် ဘုရင်တစ်ပါးဖြစ်သည်။ သမိုင်းပညာရှင်များက ပုဂံခေတ်ကို သုံးပိုင်းပိုင်းကာ ပုဂံတည်ထောင်ချိန်မှ ခရစ်နှစ် ၁၁ ရာစုထိကို ပုဂံခေတ်ဦး၊ ခရစ်နှစ် ၁၁ ရာစုမှ ၁၂ ရာစုထိကို ပုဂံခေတ်လယ်၊ ခရစ်နှစ် ၁၂ ရာစုမှ ၁၃ ရာစုထိကို ပုဂံခေတ်နှောင်းဟု သတ်မှတ်ခဲ့သည်။

ပုဂံခေတ်တွင် ပြည်သူများလိုက်နာရန် ပြန်တမ်းထုတ်၍ ရွာများတွင်စိုက်ထူစေခဲ့သည့် ကျစွာမင်း၏ အမိန့်တော်ကျောက်စာများသည် ပုဂံခေတ်၏ သမိုင်းပုံရိပ်များကို ပေါ်လွင်စေခဲ့ကာ ပုဂံခေတ်၏ အလွန်ထင်ရှားသော ပြန်တမ်းများလည်းဖြစ်သည်။

ကျစွာမင်းသည် နရပတိစည်သူမင်း၏ မြေးတော်ဖြစ်ပြီး ခမည်းတော် နားတောင်းများမင်း(၁၂၁၁-၁၂၃၁)နှင့်မိဖုရား အိမ်တော်သည်တို့က ကျစွာမင်းသားကို ၁၁၉၈ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ကျစွာမင်း၏ မယ်တော်အိမ်တော်သည်သည် ကျစွာမင်းငယ်စဉ်က ပင်ကွယ်လွန်ခဲ့သဖြင့် ကျစွာမင်းသည် မိခင်၏ ညီမတော်လက်တွင် ကြီးပြင်းခဲ့ရသည်။ ထို့ကြောင့် ကျစွာမင်းက မိထွေးမွေး၍ ကြီးပြင်းရကြောင်း ကျောက်စာတွင် ဖော်ပြခဲ့သည်။

❖ ကျစွာမင်းမိထွေးတော်ကျောက်စာ၏ ပထမစာကြောင်းတွင် ကျစွာမင်းသည် သက္ကရာဇ် ၅၉၇ ခုနှစ် ဝါခေါင်လဆန်း ၄ ရက် ကြာသပတေးနေ့တွင် နန်းတက်ကြောင်းရေးထိုးထားသည်။ ထိုရက်သည် ခရစ်နှစ် ၁၂၃၅ ခုနှစ် ဇူလိုင်လ ၇ ရက်ဖြစ်၍ ဇေယျသွတ်ကျောက်စာတွင်လည်း ကျစွာမင်းနန်းတက်ရက်ကို ထိုအတိုင်းပင် ရေးထိုးထားသည်။ ကျောက်စာ ဒုတိယနှင့် တတိယစာကြောင်းတွင် "ငါ့မိကိုကား ငါမသိလိုက်၊ ငါ့မိထွေးမွေး၍ ငါကြီး၏။ ငါ့မိထွေးလျှင်တေ ငါ့မိ(ဖြစ်)၏" ဟုရေးထိုးကာ မိထွေးကိုပင် အမိရင်းဟု သတ်မှတ်ကြောင်း ဝန်ခံခဲ့သည်။ ❖

ကျစွာမင်းသည် ခပ်သိမ်းသောသူတို့အား မေတ္တာ၊ ကရုဏာစိတ်နှင့်ယှဉ်တော်မူ၏ဟု သမိုင်းကျမ်းများတွင် ရေးသားကြကာ ပိဋကသုံးပုံကို ကိုးခေါက်သင်ယူခဲ့ပြီး တစ်ရက်လျှင် စာဝါ ခုနစ်ဝါ ပို့ချသည်ဟု ပင်ဆိုသည်။ ကျစွာမင်းသည် ပရမတ္ထဗိန္ဒုကျမ်းကို စီရင်ရေးသားခဲ့ကာ ၁၂၃၅ ခုနှစ်တွင် စကုမြို့၌ ပြာသာဒ်ကျောင်းဆောက်လုပ်ပြီး သီဟမဟာဥပါလိထေရ်အား ကျောင်းရုံနေမထေရ် ခုနစ်ပါး၊ ကျောင်းနေသံဃာ ၁၆ ပါးတို့နှင့်အတူ တင်လှူခဲ့သည်။

ထို့အတူ ကျစွာမင်းသည် တုရင်တောင်မှကျသည့်ရေကို ကန်ဖြင့်ဆည်၍ ကြာမျိုးငါးပါးဖြင့် တင့်တယ်စေကာ ကမ်းနား၌ မင်းကွန်းဆောက်၍ စာပွဲသဘင်ခံခဲ့သည်။

ကျစွာမင်းသည် ခရစ်နှစ် ၁၂၄၅ ခုနှစ်တွင် ပုဂံမင်းနန်းသူရွာ မြောက်ဘက်တွင် စာသင်ဂူကို တည်ဆောက်ခဲ့သည်ဟု ယူဆကြသည်။ ၁၂၄၉ ခုနှစ်တွင် ပြာသာဒ်ကြီး ကွမ်းတောင်ပေါက် လိုဏ်နှစ်ဆင့် ဂူဘုရားကိုတည်နေစဉ်နတ်ရွာစံခဲ့သည်။ ပြာသာဒ်ကြီးဘုရားသည် ပြဿဒါးရက်တွင် စတင်တည်ဆောက်ခဲ့သဖြင့် ပြဿဒါးဘုရားဟုလည်း ထင်ရှားခဲ့သည်။

**ကျစွာမင်းမိထွေးတော်ကျောက်စာ**

ကျစွာမင်းမိထွေးတော်ကျောက်စာ၏ ပထမစာကြောင်းတွင် ကျစွာမင်းသည် သက္ကရာဇ် ၅၉၇ ခုနှစ် ဝါခေါင်လဆန်း ၄ ရက် ကြာသပတေးနေ့တွင် နန်းတက်ကြောင်းရေးထိုးထားသည်။ ထိုရက်သည် ခရစ်နှစ် ၁၂၃၅ ခုနှစ် ဇူလိုင်လ ၇ ရက် ဖြစ်၍ ဇေယျသွတ်ကျောက်စာတွင်လည်း ကျစွာမင်းနန်းတက်ရက်ကို ထိုအတိုင်းပင် ရေးထိုးထားသည်။ ကျောက်စာဒုတိယနှင့် တတိယစာကြောင်းတွင် "ငါ့မိကိုကား ငါမသိလိုက်၊ ငါ့မိထွေးမွေး၍ ငါကြီး၏။ ငါ့မိထွေးလျှင်တေ ငါ့မိ(ဖြစ်)၏" ဟုရေးထိုးကာ မိထွေးကိုပင် အမိရင်းဟု သတ်မှတ်ကြောင်း ဝန်ခံခဲ့သည်။ ထိုသို့ မိထွေးကို အမိဟုသတ်မှတ်ပြီး အိမ်ပြုနေစေကာ ကျွန်နှင့် လယ်များပေးပြီး မိမိကိုယ်တိုင်လည်းနေခဲ့ကြောင်း ကျောက်စာတွင် "အိမ်လေ ငါနေ၏။ ကျွန်လေ ငါစေ၏၊ လယ်လေ ငါစား၏"ဟု ရေးထိုးခဲ့သည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် ကျွန်ကို ကျောန်ဟု လည်းကောင်း၊ လယ်ကို လဲဟုလည်းကောင်း ရေးထိုးလေ့ရှိကြသော်လည်း ကျစွာမင်းမိထွေးတော် ကျောက်စာတွင် ခေတ်သုံးမြန်မာစကားအသုံးအနှုန်းဖြစ်သည့် ကျွန်၊ လယ်ဟု ထူးခြားစွာ အသုံးပြုထားပုံကို တွေ့ရှိနိုင်ပေသည်။

ထိုအိမ်တွင် မိမိနေခြင်းထက် သတင်းပညာရှိသော သံဃာနေထိုင်ပါက မြတ်၏ဟု ကြံရွယ်မိကာ ကျစွာမင်းသည် ဂူဘုရားအဖြစ်ပြုကာ အိမ်ကိုကျောင်းအဖြစ် ရည်စူးခဲ့သည်။ ထို့နောက် ကျွန်များနှင့် လယ်များကိုပါ ကျောင်းအတွက် လှူဒါန်းပြီး မိထွေးကို သံဃာအား ကျောင်းတွင်ထားလေ့ဟု မိန့်တော်မူကြောင်း ကျောက်စာမှတ်တမ်းတင်ခဲ့သည်။ ၎င်းအပိုင်းသည် စာကြောင်းရေ ကိုးတွင် အဆုံးသတ်ပြီး သက္ကရာဇ် ၆၁၅ ခုနှစ်တွင် ကျောက်စာကို ဆက်လက်ဖြည့်စွက်ရေးထိုးခဲ့သည်။

ကျောက်စာဒုတိယပိုင်းကို "သက္ကရာဇ် ၆၁၅ ခုနှစ် စယ်နှစ် တပို့တွဲလဆန်း ၆ ရက် သောကြာနေ့ ကျောင်းသံဃာကို ဆောက်တည်ခဲ့၍ငါထွက်ခဲ့၏"ဟု အစပြုကာ ကျွန်နှင့်လယ်များ လှူဒါန်းကြောင်း ရေးထိုးခဲ့သည်။ ဆက်လက်၍ လှူဒါန်းသည့် ကျွန်များ၏ အမည်နှင့်တော်စပ်ပုံကိုဖော်ပြကာ ကျွန်ပေါင်း ၁၁၆ ယောက်၊ လယ် ၂၂၀၊ စလင်းလယ် ၅၀၀၊ ခေါက်ကတီးလယ် ၅၀၀ ဟု ဖော်ပြခဲ့သည်။ ဆက်လက်၍ ကျွန်အမည်များနှင့် တော်စပ်ပုံများကို ရေးထိုးကာ ကျွန်စုစုပေါင်း ၁၉ ယောက် လှူဒါန်းခဲ့သည်ဟု ဖော်ပြခဲ့သည်။

ပုဂံခေတ်ထိုးကျောက်စာများတွင်ပါရှိလေ့ရှိသည့် အတိုင်း ကျစွာမင်းမိထွေးတော်ကျောက်စာတွင် ကျိန်စာကိုရေးထိုးသော်လည်းဆုတောင်းစာကိုမူ မရေးထိုးခဲ့ပေ။ ဤငါလှူသော ကျွန်၊ လယ်ကို လုစားရစ်သူကား မြေကြီးကမ္ဘာအထက် အရင်ဖျက်သူကား အောက်အဝီစိထဲတွင် ကျက်စေသတည်းဟု ကျိန်ဆိုခဲ့သည်။

ကျောက်စာ၏ အောက်ဆုံးစာကြောင်းနှစ်ကြောင်းတွင် နယ်နိမိတ်အဝန်းအဝိုင်းကိုရေးထိုးထားရာ ကျစွာမင်း၏ ပိုင်နက်ဟု ယူဆရဖွယ်ရှိသည်။ ထိုအဝန်းအဝိုင်းသည် အရှေ့ဘက်တွင်ပြည်တံခါးရှေ့၊ တောင်ဘက်တွင် နတောင်တတ်ဂူ၊ အနောက်ဘက်တွင် ရွှေစည်းခုံ၊ မြောက်ကား ငါ့လက်ဝဲဂူကြီးဟု ဖတ်ရှုရပေသည်။

ကျစွာမင်းမိထွေးတော် ကျောက်စာသည် စာကြောင်း ၂၈ ကြောင်းသာ ရေးထိုးထားသည့် တစ်မျက်နှာထိုးကျောက်စာဖြစ်သော်လည်း ကျစွာမင်းကြီး နန်းတက်နှစ်နှင့် မိထွေးတော်အကြောင်း တစ်စွန်းတစ်စကို လှစ်ဟပြနေသည့် ပုဂံသမိုင်းအထောက်အထား တစ်ခုဖြစ်သည်။

ကျစွာမင်း၏ မိထွေးတော်သည် သက္ကရာဇ် ၆၀၁ ခုနှစ်တွင် သခင်ပုဂံကျောင်းသို့ မြေနှင့် ကျွန်များ လှူဒါန်းခဲ့သည့် မှတ်တမ်းကိုရေးထိုးခဲ့ရာ ထိုကျောက်စာကို သက္ကရာဇ် ၆၁၂ ခုနှစ်၊ ၆၃၄ ခုနှစ်၊ ၆၄၀ ပြည့်နှစ်တို့တွင် ဆက်လက်ရေးထိုးခဲ့သည်။ နှစ်မျက်နှာထိုး ထိုကျောက်စာကို ကျစွာမင်းမိထွေးတော်ကျောင်းကျောက်စာဟု အမည်တပ်ကာ မန္တလေးနန်းတွင်း ကျောက်စာရုံတွင် ထိန်းသိမ်းပြသထားရာ ကျောက်စာတိုင်အမှတ်သည် ၃၅(ခ) ဖြစ်သည်။

**ကိုးကား**

- ရှေးဟောင်းမြန်မာကျောက်စာများ အတွဲ(၂) (ဦးငြိမ်းမောင်)
- ပုဂံသုတေသနလမ်းညွှန်(ဦးဗိုကေ)
- မုံရွေးမဟာရာဇဝင်ကျော်(အရိယာဝံသအာဒိစ္စရံသီ)
- ပုဂံမင်းဆက်ရာဇဝင်(တင်နိုင်တိုး)

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၁၅၈၅ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၃၅၈ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၅၄၅ ကေ၊ ပုလဲမြို့နယ်တွင် ၉၇ ကေ စုစုပေါင်း ကေ ၂၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ငရုတ် ၁၅၈၅ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ငရုတ်ကို စီးပွားဖြစ် စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ငရုတ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၁၃၁ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၂၂၉ ကေ၊ ပုလဲမြို့နယ်တွင် ၂၂၅ ကေ စုစုပေါင်း ၁၅၈၅ ကေဖြစ်ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ငရုတ်ကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ကေ ၁၃၉၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပုသိမ် ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေ ၁၃၉၈၀ ထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးစပါး ၉၀၃၀၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါးခင်းများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးကေ ၁၃၉၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သည့် စပါး တစ်ကေလျှင် ၉၄ ဒသမ ၈၁ တင်း ထွက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနက စပါးတွေကို အခက်အခဲမရှိ စိုက်နိုင်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ မြေဆီလွှာပြုပြင်တဲ့ လုပ်ငန်းတွေကို ကွင်းဆင်းသရုပ်ပြတာတွေနဲ့ ဓာတ်မြေဩဇာ အသုံးပြုနည်းစနစ်တွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရာသီမှာ စပါးကေ ၉၀၀၀၀ ကျော်ထိ စိုက်ပျိုးခဲ့တာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## လူ့အခွင့်အရေး မနေ့းရစေ

\- လူကိုလူချင်း ဆက်ဆံခြင်းဖြင့်
ပေါင်းသင်းဆိုတာ ဖြစ်ရတာမို့
သိသာသိကြောင်း လူအပေါင်းတို့
အခွင့်အရေး ရစေရေးကို
မနေ့းဂရု မျက်မှောက်ပြုလေ့။

\- လူ့ဘဝမှာ မွေးကတည်းက
ရှိရခွင့်ရေး ကလောင်သွေးမှု
ကိုးကွယ်မှုမကျန် ဆက်ဆံပေါင်းသင်း
ပြောဆိုခြင်းပါ လွတ်လပ်စွာဖြင့်
ပြုပါနိုင်ရေး လူ့အခွင့်ရေးကို
မနေ့းခံစားရစေသား။

\- လူကိုလူချင်း လှည့်ပတ်ခြင်းဖြင့်
လူချင်းလူယုံ လူကုန်ကူးသူ
လူချင်းတူလျက် ချိုးနှိပ်စက်ကာ
ချမ်းသာဆင်းရဲ ခွဲခြားဆက်ဆံ
မှုမမှန်သူကို တွန်းလှန်တိုက်ဖျက်ကြပါစို့။ ။

(ဒီဇင်ဘာ ၁၀ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုလျက်)

**ဘိုမျိုး(ရွှေဘို)**

## သာစည်မြို့နယ် မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မကျီးရိုးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မကျီးရိုးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မကျီးရိုးကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၁၅ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၆၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၁၅ ဒသမ ၆၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




# ဩစတြေးလျ၌ ၁၆ နှစ်အောက်ကလေးငယ်များ လူမှုကွန်ရက်သုံးစွဲမှု ပိတ်ပင်ရေးဥပဒေ စတင်အသက်ဝင်မည်

**ဆစ်ဒနီ ဒီဇင်ဘာ ၉**

ဩစတြေးလျအစိုးရ၏ အသက် ၁၆ နှစ်အောက် ကလေးငယ်များ လူမှုကွန်ရက်သုံးစွဲမှု ပိတ်ပင်ရေး ဥပဒေသည် ဒီဇင်ဘာ ၁၀ ရက် ညသန်းခေါင်ယံတွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျနိုင်ငံသည် ဒီဇင်ဘာ ၁၀ ရက်တွင် လူမှုကွန်ရက်သုံးစွဲမှုအတွက် အနိမ့်ဆုံး အသက်အရွယ်ကန့်သတ်ချက်ကို အကောင်အထည်ဖော်မည့် ကမ္ဘာ့ ပထမဆုံး နိုင်ငံ ဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

၎င်းဥပဒေအရ နိုင်ငံတကာ လူမှုကွန်ရက်မီဒီယာ ကုမ္ပဏီကြီးများ အနေဖြင့် အသက် ၁၆ နှစ်အောက် ဩစတြေးလျကလေးများ လူမှုကွန်ရက်သုံးစွဲမှုကို စတင်ပိတ်ပင်ရမည်ဖြစ်သည်။

အဆိုပါဥပဒေကို လိုက်နာခြင်းမရှိပါက လူမှုကွန်ရက်ကုမ္ပဏီများအနေဖြင့် ဒဏ်ငွေ ဩစတြေးလျဒေါ်လာ ၄၉ ဒသမ ၅ သန်း(အမေရိကန်ဒေါ်လာ ၃၃ သန်း) ပေးဆောင်ရမည်ဖြစ်သည်။

ဩစတြေးလျအစိုးရ၏ အဆိုပါဥပဒေကို လူမှုကွန်ရက်ကုမ္ပဏီများနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားသူများက ဝေဖန်ထားသော်လည်း ကလေးမိဘများကမူ လက်ခံကြိုဆိုခဲ့ကြသည်။

ဒိန်းမတ်နိုင်ငံမှသည် မလေးရှားနိုင်ငံထိပါဝင်သော ကမ္ဘာ့နိုင်ငံအများအပြားကလည်း လူမှုကွန်ရက်သုံးစွဲမှုကို ပိတ်ပင်နိုင်ရေး ပြင်ဆင်နေကြကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**




# မီးလောင်မှုဖြစ်ပွားခဲ့သည့် ဂိုအာနိုက်ကလပ်၏ ပိုင်ရှင်များ အိန္ဒိယနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်

**ဒေလီ ဒီဇင်ဘာ ၉**

မီးလောင်မှုကြောင့် လူ ၂၅ ဦး သေဆုံးခဲ့ရသည့် ဂိုအာပြည်နယ်မှ နိုက်ကလပ်အဆောက်အအုံပိုင်ရှင်များသည် အိန္ဒိယနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်ဟု အိန္ဒိယ တာဝန်ရှိသူများက ယနေ့တွင် ပြောကြားထားကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

ဂိုအာပြည်နယ် အာပိုရာမြို့ရှိ အဆိုပါနိုက်ကလပ်အဆောက်အအုံသည် ဒီဇင်ဘာ ၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၅ ဦး သေဆုံးခဲ့ရသည်။

သေဆုံးသူအများစုမှာ နိုက်ကလပ်အဆောက်အအုံ ဝန်ထမ်းများဖြစ်ပြီး နီပေါနိုင်ငံသား ဝန်ထမ်းလေးဦးလည်း ပါဝင်ကြောင်း ဂိုအာပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ နိုက်ကလပ် အဆောက်အအုံ မီးလောင်မှုဖြစ်ပွားပြီးနောက် ပိုင်ရှင်များဖြစ်ကြသည့် ညီအစ်ကိုနှစ်ဦးမှာ ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ ထွက်ပြေးသွားကြောင်း ဂိုအာပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

၎င်းညီအစ်ကိုနှစ်ဦးမှာ နယူးဒေလီမြို့၌ နေထိုင်သူများဖြစ်ပြီး ရဲတပ်ဖွဲ့က ရှာဖွေဖမ်းဆီးရန် ကြိုးပမ်းနေချိန်တွင် နိုင်ငံမှ ထွက်ပြေးသွားခြင်းဖြစ်သည်။

အာပိုရာမြို့ နိုက်ကလပ် မီးလောင်မှုဖြစ်ပွားရခြင်း နောက်ခံအကြောင်းရင်းကို ဂိုအာပြည်နယ် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# တောင်ကိုရီးယား လေကြောင်းရန် ကာကွယ်ရေးစိစစ်ဇုန်အတွင်း ရုရှားနှင့် တရုတ်စစ်လေယာဉ်များ ဝင်ရောက်ပျံသန်း



**ဆိုးလ် ဒီဇင်ဘာ ၉**

လေကြောင်းရန်ကာကွယ်ရေး စိစစ်ဇုန်အတွင်း တရုတ်နှင့် ရုရှား စစ်လေယာဉ်များ ယနေ့တွင် ဝင်ရောက်လာမှုကြောင့် တိုက်လေယာဉ်များ အရေးပေါ်စေလွှတ်ခဲ့ရသည်ဟု တောင်ကိုရီးယား တပ်မတော်က သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ဖော်ပြခဲ့သည်။

တောင်ကိုရီးယား တပ်မတော်၏ အဆိုအရ ယနေ့နံနက်ပိုင်းတွင် ရုရှားစစ်လေယာဉ်ခြောက်စင်းနှင့် တရုတ်စစ်လေယာဉ် နှစ်စင်းတို့က ကိုရီးယား လေကြောင်းရန်ကာကွယ်ရေး စိစစ်ဇုန်အတွင်း ဝင်ရောက်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ရုရှားနှင့် တရုတ်စစ်လေယာဉ်များသည် တောင်ကိုရီးယား လေကြောင်းရန်ကာကွယ်ရေး စိစစ်ဇုန်အတွင်း ဝင်ရောက်ခဲ့သော်လည်း တောင်ကိုရီးယား ဝေဟင်ပိုင်နက်ကို ချိုးဖောက်ခဲ့ခြင်း မရှိကြောင်း တောင်ကိုရီးယား တပ်မတော်မှ တာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် ရုရှားနှင့် တရုတ်စစ်လေယာဉ်များကို စောင့်ကြည့်သတိပေးရေးအတွက် တိုက်လေယာဉ်များ အရေးပေါ်စေလွှတ်ခဲ့ရကြောင်း တောင်ကိုရီးယား တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ရုရှားနှင့် တရုတ်စစ်လေယာဉ်များသည် တောင်ကိုရီးယား၏ အရှေ့ဘက်ကမ်းရိုးတန်းနှင့် တောင်ဘက်ကမ်းရိုးတန်း လေကြောင်းရန်ကာကွယ်ရေး စိစစ်ဇုန်များအတွင်း တစ်နာရီခန့် ဝင်ရောက်ပျံသန်းခဲ့ခြင်းဖြစ်သည်။

ရုရှားနှင့် တရုတ်စစ်လေယာဉ်များသည် တစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ထိ ကိုရီးယားကျွန်းဆွယ်ဝန်းကျင်၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်လေ့ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံနယ်စပ်ပဋိပက္ခများ ဒုတိယနေ့ ဆက်လက်ဖြစ်ပွား

**ဗန်ကောက် ဒီဇင်ဘာ ၉**

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံနယ်စပ် ပဋိပက္ခများသည် ယနေ့တွင် ဒုတိယနေ့အဖြစ် ဆက်လက် ဖြစ်ပွားခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

လက်ရှိ ပဋိပက္ခများသည် နယ်စပ်ပြည်နယ်ငါးခု၌ ဆက်လက်ဖြစ်ပွားနေကြောင်း ထိုင်းတပ်မတော် တာဝန်ရှိသူများက ယနေ့တွင် ပြောကြားထားသည်။

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား နယ်စပ်ပဋိပက္ခများသည် ဒီဇင်ဘာ ၈ ရက်တွင် ပြန်လည်ဖြစ်ပွားခဲ့ရာ ထိုသို့ပြန်လည်ဖြစ်ပွားခဲ့မှုနှင့် ပတ်သက်၍ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အပြစ်တင်လျက်ရှိသည်။

လက်ရှိတွင် နယ်စပ်ပဋိပက္ခများကြောင့် ထိုင်းနိုင်ငံဘက်ခြမ်း၌ တပ်ဖွဲ့ဝင် သုံးဦး သေဆုံးပြီး ၁၉ ဦး ဒဏ်ရာရထားကာ ကမ္ဘောဒီးယားဘက်ခြမ်းတွင် သေဆုံးသူ ကိုးဦးနှင့် ဒဏ်ရာရသူ ဦးရေ ၂၀ ထိရှိလာကြောင်း သိရသည်။

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ယခုနှစ် ဇူလိုင်လအတွင်းကလည်း ငါးရက်ကြာ နယ်စပ်ပဋိပက္ခများဖြစ်ပွားခဲ့ရာ အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်မှုဖြင့် တိုက်ပွဲများရပ်ဆိုင်း၍ပြန်လည်တိုးချဲ့ပြင်ဆင်ထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အောက်တိုဘာလက လက်မှတ်ရေးထိုးထားသည်။

ထို့ပြင် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို စောင့်ထိန်းကြရန် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ဒီဇင်ဘာ ၈ ရက်တွင် တိုက်တွန်းထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# အင်ဒိုနီးရှား၌ ခုနစ်ထပ်အဆောက်အအုံမီးလောင်မှုဖြစ်ပွား လူ ၂၂ ဦး သေဆုံး

**ဂျကာတာ ဒီဇင်ဘာ ၉**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ခုနစ်ထပ် အဆောက်အအုံတစ်လုံး ယနေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၂ ဦး သေဆုံးခဲ့ရကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လက်ရှိတွင် အဆိုပါမီးလောင်မှုကို မီးသတ်သမားများက ထိန်းချုပ်နိုင်ခဲ့ပြီး မီးသင့်အဆောက်အအုံအတွင်း ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း အင်ဒိုနီးရှား မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မီးလောင်မှုသည် ခုနစ်ထပ်အဆောက်အအုံပထမထပ်၌ စတင်ခဲ့ခြင်းဖြစ်ပြီး အပေါ်ဘက်အထပ်များသို့ ဆက်လက်ကူးစက် လောင်ကျွမ်းခဲ့ကြောင်း ဂျကာတာမြို့ တာဝန်ရှိသူများက ပြောကြားသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သော အဆောက်အအုံမှာ တာရာအမည်ရှိ မောင်းသူမဲ့ ဒရုန်းထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုပိုင် အဆောက်အအုံဖြစ်သည်။

မီးလောင်မှု ဖြစ်ပွားချိန်သည် ကုမ္ပဏီဝန်ထမ်းများ နေ့လယ်စာစားသောက်ချိန် ဖြစ်ကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တာရာ မောင်းသူမဲ့ ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီသည် ဂျပန်အခြေစိုက် မောင်းသူမဲ့ဒရုန်းထုတ်လုပ်ရေး ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို လောင်းမတ်ချ်-၈ အေ ဒုံးပျံဖြင့်လွှတ်တင်ခဲ့



**ပေကျင်း ဒီဇင်ဘာ ၉**

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို လောင်းမတ်ချ်-၈ အေဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများသယ်ဆောင်ထားသည့်လောင်းမတ်ချ်-၈ အေဒုံးပျံကို တရုတ်နိုင်ငံ တောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၈ အေဒုံးပျံသည် သယ်ဆောင်ထားသော အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့သည်။

လောင်းမတ်ချ်-၈ အေဒုံးပျံသည် ကိုယ်ထည်အလျား ၅၀ ဒသမ ၅ မီတာရှိပြီး အလေးချိန် ၃၇၁ တန် ထိရှိပြီး အလေးချိန် ခုနစ်တန်ရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် အမြင့်ကီလိုမီတာ ၇၀၀ အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နိုင်ငံတကာအာကာသစခန်း၌ ဆိုက်ကပ်ထားသည့် အာကာသယာဉ်အရေအတွက် ရှစ်စင်းထိရှိနေပြီဖြစ်

**ဝါရှင်တန် ဒီဇင်ဘာ ၉**

လက်ရှိအချိန်တွင် နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ထားသည့် အာကာသယာဉ် အရေအတွက်မှာ ရှစ်စင်းထိရှိနေကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်ဟု ဒီဇင်ဘာ ၈ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတကာ အာကာသစခန်း သမိုင်းတစ်လျှောက် အာကာသယာဉ်ဆိုက်ကပ်နေရာ ရှစ်ခုစလုံး၌ အာကာသယာဉ်များ ပထမဆုံးအကြိမ် အပြည့်ဆိုက်ကပ်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာ အာကာစခန်း၌ နောက်ဆုံးဆိုက်ကပ်ခဲ့သည့် အာကာသယာဉ်မှာ ရုရှားအာကာသအေဂျင်စီ၏ဆိုယုဇ် အမ်အက်စ်-၂၈ အာကာသလူသယ်ယာဉ်ဖြစ်ကြောင်း သိရသည်။


အဆိုပါ အာကာသယာဉ် မရောက်ရှိမီ ဆိုက်ကပ်နေရာပေးနိုင်ရေးအတွက် နော့သ်ရော့ဂရူးမင်း ကုမ္ပဏီ၏ဆိုက်ဂနက်-၂၃ အာကာသကုန်တင်ယာဉ်ကို စက်ရုပ်လက်တံအကူအညီဖြင့် ယာယီဖယ်ရှားထားရသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ အာကာစခန်း၌ ရုရှားအာကာသယာဉ်သုံးစင်း၊ စပေ့စ်အိတ်စ် အာကာသ ယာဉ်သုံးစင်း၊ ဂျပန်အာကာသကုန်တင်ယာဉ် တစ်စင်းနှင့် စီအာရ်အက်စ်-၃၃ အမည်ရှိ ပုဂ္ဂလိကအာကာသကုန်တင်ယာဉ် တစ်စင်းတို့ ဆိုက်ကပ်ထားသည်။

နာဆာအဖွဲ့သည် ၁၉၉၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော နိုင်ငံတကာ အာကာသစခန်းကို ၂၀၃၀ ပြည့်နှစ်တွင် အနားပေးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




## ဥရောပအခြေစိုက် အဲဘတ်စ်ကုမ္ပဏီက တရုတ်နိုင်ငံ၏ စပေ့ဆေးလ်အင်တာနက်ဂြိုဟ်တုကွန်ရက်ကို အသုံးပြုမည်



**ပဲရစ် ဒီဇင်ဘာ ၉**

ဥရောပအခြေစိုက် အဲဘတ်စ်ကုမ္ပဏီသည် တရုတ်နိုင်ငံ၏ စပေ့ဆေးလ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို အသုံးပြုမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စပေ့ဆေးလ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်သည် ရှန်ဟိုင်း စပေ့ဆေးလ်နည်းပညာ ကုမ္ပဏီက တည်ဆောက်ထားသော အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ဖြစ်သည်။

စပေ့ဆေးလ် အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက် အသုံးချရေး သဘောတူညီချက်ကို အဲဘတ်စ်ကုမ္ပဏီနှင့် ရှန်ဟိုင်း စပေ့ဆေးလ်တို့က ဒီဇင်ဘာ ၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စပေ့ဆေးလ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်သည် ပျံသန်းနေသော လေယာဉ်များအတွက် မြန်နှုန်းမြင့်ချိန်ဆက်ရေး စနစ်ဖြင့် အင်တာနက်ဝန်ဆောင်မှု ပေးနိုင်ကြောင်း၊ ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းတွင် တည်ဆောက်ထားသည့် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## Lecanemab ဆေးက အယ်လ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**လန်ဒန် ဒီဇင်ဘာ ၉**

Lecanemab အမည်ရှိ ဆေးတစ်မျိုးသည် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို ရှစ်နှစ်ကြာထိ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Lecanemab ဆေးသည် ရေရှည်သုံးစွဲပါက အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို ၈ ဒသမ ၃ နှစ် ကြာထိ လျှော့ချပေးထားနိုင်ကြောင်း သိရသည်။

အထက်ပါတွေ့ရှိချက်အရ Lecanemab ဆေးကို ဗြိတိန်နိုင်ငံတွင်လည်း အမြန်ဆုံးသုံးစွဲခွင့်ပေးရန် သုတေသနပညာရှင်များက ဗြိတိန်အစိုးရ အမျိုးသားကျန်းမာရေးဌာနကို တောင်းဆိုထားသည်။

အမေရိကန်နိုင်ငံအခြေစိုက် Eisai ကုမ္ပဏီက ထုတ်လုပ်ထားသည့် Lecanemab ဆေးကို ဗြိတိန်အမျိုးသား ကျန်းမာရေးဌာနက သုံးစွဲခွင့် အတည်ပြုချက်ပေးထားခြင်းမရှိပေ။

ဗြိတိန်သုတေသနပညာရှင်များသည် Lecanemab ဆေးကို လက်တွေ့သုံးစွဲ ကုသနေသော လူနာများကို စောင့်ကြည့်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုတွင် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားခါစ လူနာဦးရေ ၂၀၀၀ ကျော်တို့ ပါဝင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## GLP-1 RA အုပ်စုဝင်ဆေးများသုံးစွဲသူ ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ နာတာရှည်ချောင်းဆိုးမှုကို ရင်ဆိုင်ရနိုင်

**နယူးယောက် ဒီဇင်ဘာ ၉**

GLP-1 RA အုပ်စုဝင် ဆေးများ သုံးစွဲသူ ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ နာတာရှည်ချောင်းဆိုးမှုကို ရင်ဆိုင်ရနိုင်ခြေရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်း တက္ကသိုလ်မှ သုတေသနပညာရှင်များသည် GLP- 1 RA အုပ်စုဝင်ဆေးသုံးစွဲနေရသော ပုံစံ-၂ ဆီးချိုလူနာများနှင့် အခြားဆီးချိုဆေးသုံးစွဲနေရသူပုံစံ-၂ဆီးချိုလူနာများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ GLP-1 RA ဆေးသုံးစွဲသူ ပုံစံ-၂ ဆီးချိုရောဂါလူနာများသည် အခြားဆီးချိုဆေးသုံးစွဲနေရသူများထက် နာတာရှည်ချောင်းဆိုးဝေဒနာခံစားရနိုင်ခြေ သိသိသာသာပို၍မြင့်မားကြောင်း၊ သို့ရာတွင် GLP-1 RA ဆေးများနှင့် ပုံစံ-၂ ဆီးချိုရောဂါလူနာများကြား နာတာရှည်ချောင်းဆိုးဝေဒနာခံစားရနိုင်ခြေ မြင့်တက်လာမှုတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို မသိရသေးကြောင်း သိရသည်။

GLP-1 RA အုပ်စုဝင်ဆေးများသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ကို ထိန်းထားရန်နှင့် ကိုယ်အလေးချိန်ကိုလျှော့ချရန် ပုံစံ-၂ ဆီးချိုလူနာများနှင့် အဝလွန်သူများ သုံးစွဲနေကြသည့်ဆေးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






# တိုက်စစ်မှူး အမ်ဘက်ပီ ဒဏ်ရာကြောင့် ချန်ပီယံလိဂ်ပွဲစဉ် လွဲချော်မည်

**မက်ဒရစ် ဒီဇင်ဘာ ၉**

ရီးရဲလ်မက်ဒရစ် တိုက်စစ်မှူး အမ်ဘက်ပီသည် အသင်းနှင့် ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေး အစီအစဉ်တွင် ခြေထောက်ဒဏ်ရာ ရခဲ့သဖြင့် ဒီဇင်ဘာ ၁၁ ရက်တွင် မန်စီးတီးအသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်မည် ဖြစ်ကြောင်း Goal.com သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အမ်ဘက်ပီ၏ ဒဏ်ရာအခြေအနေကို ရီးရဲလ်မက်ဒရစ်အသင်းက တရားဝင် ထုတ်ပြန်ကြေညာခြင်း မရှိသော်လည်း ကစားသမား၏ ဒဏ်ရာမှာ ပြင်းထန်ပြီး မန်စီးတီး အသင်းနှင့်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်နိုင်ကြောင်း စပိန်မီဒီယာများက ဖော်ပြခဲ့သည်။

၎င်းသည် ယခုနှစ် ဘောလုံး ရာသီ ပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၆ ဂိုး နှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်ထားပြီး ရီးရဲလ်မက်ဒရစ် အသင်းတွင် ပြက္ခဒိန်နှစ် တစ်နှစ် အတွင်း ဂိုးသွင်းအများဆုံး ကစား သမားဖြစ်သည့် စီရော်နယ်ဒို၏ စံချိန်ကိုကျော်ဖြတ်ကာ လာလီဂါ ပြိုင်ပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်း ရရှိထားသည့် သွင်းဂိုးထက်ဝက်နှင့် ဥရောပပြိုင်ပွဲတွင်လည်း သွင်းဂိုး ၇၅ ရာခိုင်နှုန်းမှာ အမ်ဘက်ပီ သွင်းယူထားသောကြောင့် ၎င်း ပါဝင်နိုင်ခြင်းမရှိသည့် အသင်း တိုက်စစ်ပိုင်းအနေဖြင့် အခက်ကြုံ နေရခြင်းဖြစ်သည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်း သည် ပြီးခဲ့သည့် ဆဲလ်တာဗီဂို အသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် လည်း နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ရာ ဖိအားအောက် ကျရောက်နေပြီး နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ခုနစ်ပွဲတွင် နှစ်ပွဲသာ နိုင်ပွဲရခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ယခုနှစ်ဘောလုံးရာသီ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ၃၂ သင်း အဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်းက တာလာဗီရာအသင်းနှင့် လည်းကောင်း၊ ဘာစီလိုနာအသင်းက ဂွါဒါလာဂျာရာအသင်း နှင့်လည်းကောင်း ဒီဇင်ဘာ ၁၆ ရက်တွင် စတင်ကစားရမည်ဖြစ် ကြောင်း သိရသည်။
- မန်ယူအသင်းက ရီးရဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၅၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ရောင်းချ မည်မဟုတ်ကြောင်း ထုတ်ပြန်ထားသည်။
- ရင်းနက်အသင်း ခံစစ်ကစားသမား ဂျက်ကွက်ကို လီဗာပူး အသင်းက အသင်းနှင့်စာချုပ်သက်တမ်းခြောက်လသာ ကျန်ရှိ တော့သည့် ကိုနာတေး၏နေရာတွင် အစားထိုးရန်ဆုံးဖြတ် ထားသည်။

**ML**

# Golf Writers Trophy ဆုကို မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်း ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၉**

အင်္ဂလန်နိုင်ငံ အခြေစိုက် Association of Golf Writers အဖွဲ့အစည်းက ချီးမြှင့်သည့် Golf Writers Trophy ဆုကို ကမ္ဘာ့ အဆင့်(၂)နေရာတွင် ရပ်တည်နေ သည့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက် ကစားသမား မက်အီရွိုင်းက ဆွတ်ခူးခဲ့ကြောင်း Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၃၆ နှစ်ရှိ မက်အီရွိုင်း သည် ၂၀၂၅ ခုနှစ်အတွင်း အောင်မြင် မှုများစွာဆွတ်ခူးထားသည့် ကစား သမားတစ်ဦးဖြစ်ပြီး Golf Writers Trophy ဆုကို ခြောက်ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မက်အီရွိုင်းသည် Team Europe နှင့်အတူ Ryder Cup ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် ကစားသမား ဖြစ်သကဲ့သို့ ဥရောပဂေါက်သီးရိုက် လောက၏ အကောင်းဆုံးကစား သမားအဖြစ်လည်း သတ်မှတ်ခံ ထားရသူဖြစ်သည်။

ဆုကြေးငွေအမြင့်ဆုံး ပြိုင်ပွဲဖြစ် သည့် DP World Tour Race တွင် ခုနစ်ကြိမ်ဆွတ်ခူးခဲ့ဖူးသည့် ကစား သမားတစ်ဦးလည်းဖြစ်သည်။

မက်အီရွိုင်းက"Association of Golf Writers Trophy for 2025 ဆု ကိုဆွတ်ခူးခဲ့လို့ ဝမ်းမြောက်ဂုဏ်ယူ မိပါတယ်။ ဒီဆုဟာ ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ မိသားစုအတွက် ဂုဏ်ယူစရာကောင်းတဲ့ ဆုတစ် တစ်ဆုဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒီနှစ်အတွင်းမှာ Masters ဆုဖလားကို ဆွတ်ခူးခဲ့သလို Ryder Cup ဆုဖလားကိုလဲ ဆွတ်ခူး နိုင်ခဲ့တဲ့ ပထမဆုံးသော ဥရောပ ဂေါက်သီးရိုက် ကစားသမားတစ်ဦး အဖြစ် မှတ်တမ်းဝင်နိုင်ခဲ့လို့ ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာဟာ လုခ်ဒေါ်နယ်ရဲ့ ကျေးဇူးပါ။ Golf Writers Trophy ဆုကို ချီးမြှင့် ပေးခဲ့တဲ့ Association of Golf Writers အဖွဲ့ကိုလဲ ကျေးဇူးတင်ပါ တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Independent**

**Trs : AZL**

# Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲတွင် ရုရှားကစားသမား ရူဘလက်ဖ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အတည်ပြု

**ဟောင်ကောင် ဒီဇင်ဘာ ၉**

တရုတ်နိုင်ငံ ဟောင်ကောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် လာမည့် ဇန်နဝါရီလ၌ ကျင်းပ ပြုလုပ်မည့် Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲတွင် ရုရှား တင်းနစ်ကစားသမား ရူဘလက်ဖ် က ပါဝင်ယှဉ်ပြိုင်မည်ဟု အတည် ပြုခဲ့ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

ရူဘလက်ဖ်နှင့်အတူ တရုတ် တင်းနစ်ကစားသမားများ ဖြစ်ကြ သည့် ဝူယင်ဘင်နှင့် ဂျာရီရှန်တို့ သည်လည်း ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲတွင် ရူဘလက်ဖ် အပြင် ကမ္ဘာ့အဆင့်(၂၀)အတွင်း ရပ်တည်နေသည့် ကစားသမားများ ဖြစ်သည့် မူဆက်တီ၊ ဘူဘလစ်၊ ခါချန်နော့ဖ်တို့လည်း ပါဝင်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ် တင်းနစ်ကစားသမား ဝူယင်ဘင်အတွက် Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲသည် ပထမဆုံး ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဖြစ်ပြီး အိမ်ရှင်ပရိသတ်များ အားပေးမှုအများဆုံး ရရှိမည့် ကစားသမားလည်းဖြစ်သည်။

တရုတ်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဖြစ်သူ မီချဲလ်ချန်က "ရူဘလက်ဖ် လို ကစားသမားမျိုး ပါလာတဲ့ အတွက် ကျွန်တော်တို့ ပြိုင်ပွဲဟာ ပရိသတ်တွေပိုပြီးတော့ စိတ်ဝင်စား လာမှာဖြစ်သလို လက်မှတ်ရောင်း ရတာလဲ တော်တော်လေးကို အဆင်ပြေပါတယ်။ တခြား ကမ္ဘာ့ အဆင့် ကစားသမားတွေဖြစ်တဲ့ မူဆက်တီ၊ ဘူဘလစ်၊ ခါချန်နော့ဖ် တို့လဲ ပါဝင်ယှဉ်ပြိုင်မှာဖြစ်လို့ ကျွန်တော်တို့ ပြိုင်ပွဲကြီးက ပိုပြီးတော့ အကြိတ်အနယ်ရှိမှာ ဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါ တယ်။ Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲကြီးကို ကမ္ဘာ့အဆင့် ပြိုင်ပွဲကြီးဖြစ်ဖို့အတွက် ကျွန်တော် တို့ ကြိုးစားနေပါတယ်။ လုပ်နိုင် မယ်လို့လဲ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis World**

**Trs : AZL**

# အေစီမီလန်အသင်းသမိုင်းတွင် ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ပူလီဆစ် မှတ်တမ်းဝင်

**မီလန် ဒီဇင်ဘာ ၉**

အေစီမီလန်အသင်းက တိုရီနို အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရ ခဲ့သည့် ပွဲစဉ်တွင် အေစီမီလန် တောင်ပံ တိုက်စစ်ကစားသမား ပူလီဆစ်က အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူပြီး အသင်း သမိုင်းတွင် ပြက္ခဒိန်နှစ် တစ်နှစ် အတွင်း ဂိုးသွင်းအများဆုံး ကစား သမားအဖြစ် မှတ်တမ်းဝင်ခဲ့ ကြောင်း SI သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။



အသက် ၂၇ နှစ်ရှိ ပူလီဆစ်သည် အေစီမီလန်အသင်းသို့ရောက်ရှိပြီး နောက် ဒဏ်ရာပြဿနာများနှင့် ကြုံတွေ့ခဲ့ရသော်လည်း ယခုနှစ် ဘောလုံးရာသီ ၁၂ လတာ ကာလ အတွင်း ပြိုင်ပွဲစုံ သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ပြက္ခဒိန် နှစ်တစ်နှစ်အတွင်း ဂိုးသွင်းအများ ဆုံး ကစားသမားဖြစ်လာခဲ့သည်။

ပူလီဆစ်သည် အေစီမီလန် အသင်းတွင် ဒဏ်ရာ မကြာခဏရရှိ နေပြီး ကြံ့ခိုင်မှုလိုအပ်ချက်ကြောင့် ပွဲကစားခွင့်လျော့နည်းခဲ့ပြီး ယခုနှစ် တွင် ကြွက်သားဒဏ်ရာကြောင့် ပြိုင်ပွဲစုံ ငါးပွဲသာ လွဲချော်ခဲ့ကာ နှစ်တစ်နှစ်ကုန်ဆုံးရန် သုံးပတ် အလိုတွင် သွင်းဂိုး ၁၃ ဂိုး သွင်းယူ ထားပြီး ဂိုးသွင်းအများဆုံး ကစား သမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပူလီဆစ်သည် စီးရီးအေ ပြိုင်ပွဲတွင်လည်း သွင်းဂိုး ခုနစ် ဂိုးသွင်းယူထားပြီး ဂိုးသွင်းအများ ဆုံးကစားသမားအဖြစ် အင်တာမီ လန်အသင်း တိုက်စစ်မှူး မာတီ နက်ဇ်နှင့်အတူ ပူးတွဲရပ်တည် နိုင်ခဲ့သည်။

ပူလီဆစ်သည် တိုရီနိုအသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် မိနစ် ၆၀ ကျော်မှ လူစားဝင်ကစားခဲ့သော် လည်း ပွဲကစားချိန် ၆၇ မိနစ်နှင့် ၇၇ မိနစ်တို့တွင် သွင်းဂိုး နှစ်ဂိုး သွင်းယူပြီး အသင်းကို နိုင်ပွဲရ အောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : SI**

**Trs : ML**

# ဆီးဂိမ်းပြိုင်ပွဲ ရိုးရာခြင်းလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ဗိုလ်လုပွဲအဆင့် တက်ရောက်



**ရန်ကုန် ဒီဇင်ဘာ ၉**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ရိုးရာခြင်းလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းနှင့်အမျိုးသမီးအသင်းတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြသည်။

အမျိုးသမီး ရိုးရာခြင်းလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ ဇန်ကောက်မြို့ရှိ Nachonpathom Sports Center တွင် ယနေ့ ကျင်းပခဲ့ရာ မြန်မာ အမျိုးသမီးအသင်းမှ အေးအေးသန့်၊ သဲသဲ၊ စုတွယ်တာ၊ မှုံနံ့သာ၊ မေဦးခင်၊ ယဉ်မင်းသွယ်၊ နှင်းစည်အိမ်၊ ခိုင်သဇင်ဖြိုးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းက ရမှတ် ၄၆၁ မှတ်၊ လာအိုအသင်းက ရမှတ် ၃၁၇ မှတ်၊ မလေးရှားအသင်းက ရမှတ် ၁၁၈ မှတ်၊ အိမ်ရှင်ထိုင်းအသင်းက ရမှတ် ၉၄ မှတ် ရရှိခဲ့ကြသည့်အတွက် မြန်မာအသင်းက ရမှတ်အများဆုံးဖြင့် ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်တွင် လာအိုအသင်းနှင့် ကစားသွားရမည်ဖြစ်သည်။

အလားတူ အမျိုးသားရိုးရာခြင်းလုံးပြိုင်ပွဲတွင်လည်း မြန်မာအသင်းမှ မင်းသစ္စာအောင်၊ အောင်မြင့်မြတ်၊ ခန့်ဝင်းဟိန်း၊ ဝေယံဖြိုး၊ ရဝေအောင်၊ ဇော်လင်းမောင်၊ မူဝံကျော်၊ အောင်ပြည့်ဖြိုးဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက ရမှတ် ၅၄၅ မှတ်၊ အိမ်ရှင်ထိုင်းအသင်းက ရမှတ် ၅၀၁ မှတ်၊ လာအိုအသင်းက ရမှတ် ၄၁၀၊ မလေးရှားအသင်းက ရမှတ် ၁၆၇ မှတ်၊ တီမောလက်စ်တေအသင်းက ၆၈ မှတ် ရရှိခဲ့သည့်အတွက် မြန်မာအသင်းသည် ရမှတ်အများဆုံးဖြင့် ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်တွင် အိမ်ရှင်ထိုင်းအသင်းနှင့် ဆက်လက် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ဖိလစ်ပိုင်အသင်း၏နိုင်ပွဲကြောင့် မြန်မာအသင်း အုပ်စုဒုတိယနေရာသာ မျှော်လင့်နိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု(C)တွင် ဖိလစ်ပိုင်အသင်းက အင်ဒိုနီးရှားအသင်းကို အနိုင်ရခဲ့သည့်အတွက် မြန်မာအသင်းအနေဖြင့် အုပ်စုဒုတိယဖြင့်သာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ရန် မျှော်လင့်ခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

၃၃ ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (C)တွင် ဖိလစ်ပိုင်အသင်းသည် မြန်မာအသင်းနှင့် ကစားခဲ့ရာ သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ဒုတိယပွဲစဉ်အဖြစ် အင်ဒိုနီးရှားအသင်းနှင့်ကစားခဲ့ရာတွင်လည်း တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်အတွက် ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုပထမနေရာမှ ဆီမီးဖိုင်နယ်အဆင့်သို့ စောစီးစွာ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် အုပ်စု သုံးခုမှ အုပ်စုပထမနေရာတွင် ရပ်တည်နိုင်မည့် သုံးသင်းသာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည် ဖြစ်ပြီး အကောင်းဆုံး အုပ်စုဒုတိယနေရာတွင် ရပ်တည်နိုင်မည့် အသင်းတစ်သင်းသာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

အုပ်စု(C) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်းတို့ ကစားရမည်ဖြစ်ပြီး အနိုင်ရရှိမည့်အသင်းကသာ အကောင်းဆုံး အုပ်စုဒုတိယနေရာဖြင့် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ရန် အခွင့်အရေးရရှိမည်ဖြစ်သည်။

လက်ရှိတွင် အုပ်စုနောက်ဆုံး ပွဲစဉ်မတိုင်မီ အကောင်းဆုံး အုပ်စုဒုတိယနေရာအတွက် ဗီယက်နမ်အသင်း၊ တီမောလက်စ်တေအသင်း၊ အင်ဒိုနီးရှားအသင်းတို့က အစဉ်လိုက်ရပ်တည်နေပြီး မြန်မာအသင်းအနေဖြင့် အင်ဒိုနီးရှားအသင်းကို ဂိုးပြတ်အနိုင်ရမှသာ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်မည်ဖြစ်ပြီး သရေရလဒ်ရရှိပါက အုပ်စုအဆင့်မှပင် ထွက်ခွာရမည်ဖြစ်သည်။

မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၂ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဆီးဂိမ်းပြိုင်ပွဲ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ဗိုလ်လုပွဲအဆင့် တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၉**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအမျိုးသားနှင့် အမျိုးသမီးအသင်းတို့ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



အမျိုးသား ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် အိမ်ရှင်ထိုင်းအသင်း၊ မြန်မာအသင်း၊ ဘရူနိုင်းအသင်း၊ တီမောလက်စ်တေအသင်း၊ ဖိလစ်ပိုင်အသင်းတို့ ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၉၀၀၊ မြန်မာအသင်းက ရမှတ် ၆၇၀၊ ဖိလစ်ပိုင်အသင်းက ရမှတ် ၆၆၀၊ ဘရူနိုင်းအသင်းက ရမှတ် ၄၈၀၊ တီမောလက်စ်တေအသင်းက ရမှတ် ၁၂၀ အသီးသီး ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ အုပ်စုပွဲစဉ်များ အပြီးတွင် ထိုင်းအသင်းက အုပ်စုပထမနှင့် မြန်မာအသင်းက အုပ်စုဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့်အတွက် ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အိမ်ရှင် ထိုင်းအသင်းတို့သည် ဒီဇင်ဘာ ၁၀ ရက်တွင် ဆက်လက်ကစားသွားရမည်ဖြစ်သည်။

အလားတူ အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် အိမ်ရှင် ထိုင်းအသင်း၊ ဖိလစ်ပိုင်အသင်း၊ လာအိုအသင်း၊ မြန်မာအသင်းတို့ ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၉၇၀၊ မြန်မာအသင်းက ရမှတ် ၇၅၀၊ ဖိလစ်ပိုင်အသင်းက ရမှတ် ၆၀၀၊ လာအိုအသင်းက ရမှတ် ၃၄၀ အသီးသီး ရရှိခဲ့ကြသည့်အတွက် မြန်မာအသင်းနှင့် အိမ်ရှင် ထိုင်းအသင်းတို့သည် ဗိုလ်လုပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ရီးရဲလ်မက်ဒရစ်ခံစစ်ကစားသမား မီလီတာအို ဒူးအရွတ်ဒဏ်ရာကြောင့် လေးလခန့် အနားယူရမည်

**မက်ဒရစ် ဒီဇင်ဘာ ၉**

ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား မီလီတာအိုသည် ဒူးအရွတ်ဒဏ်ရာကြောင့် လေးလခန့် အနားယူရမည်ဟု ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်ရှိ မီလီတာအိုသည် ရီးရဲလ်မက်ဒရစ်အသင်းက ဆယ်လ်တာဗီဂိုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ၂၄ မိနစ်၌ ဒူးအရွတ်ဒဏ်ရာ ရရှိခဲ့ပြီး အသေးစိတ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ရာ ဒဏ်ရာမှာ ပြင်းထန်နေသည့်အတွက် လအတန်ကြာ အနားယူရမည့်အရေးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

မီလီတာအိုသည် ပြီးခဲ့သည့် ဘောလုံးရာသီအစပိုင်းက အသင်းနှင့်အတူ ပြန်လည်ပါဝင်ကစားနိုင်ခဲ့သော်လည်း ပွဲစဉ်အနည်းငယ်သာပါဝင်ကစားခဲ့ပြီး ဒူးဒဏ်ရာထပ်မံရရှိခဲ့သည့်အတွက် ကာလရှည် ထပ်မံအနားယူခဲ့ရပြီး ယခုနှစ် ဘောလုံးရာသီမှသာ ပြန်လည်ပါဝင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုအခါတွင်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၇ ပွဲသာ ပါဝင်ကစားနိုင်ခဲ့ပြီး လေးလခန့် အနားယူရမည်ဖြစ်ကာ ပြိုင်ပွဲစုံ ၂၂ ပွဲထိ အနားယူရမည်ဖြစ်ပြီး လာမည့် ၂၀၂၆ ခုနှစ် ဧပြီ ၅ ရက်တွင် ကစားမည့် မာယော့ကာအသင်းနှင့်ပွဲစဉ်မှသာ ပြန်လည်ပါဝင်ကစားနိုင်ဖွယ် ရှိနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA



# ဘာစီလိုနာဂိုးသမား တာစတီဂျန် မကြာမီကစားနိုင်မည်ဟု နည်းပြဖလစ် ပြောကြား

**ဘာစီလိုနာ ဒီဇင်ဘာ ၉**

ဘာစီလိုနာအသင်း နည်းပြဖလစ်က အသင်းမှ ဂိုးသမား တာစတီဂျန်အနေဖြင့် ဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့သည့်အတွက် မကြာမီ အသင်းအတွက် ပြန်လည် ပါဝင်ကစားပေးနိုင်မည်ဟု ပြောကြားခဲ့ကြောင်း Bein Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

ဂိုးသမား တာစတီဂျန်သည် ပြီးခဲ့သည့် ဇွန်လက နိုင်ငံတကာ ပြိုင်ပွဲအတွက် ဂျာမနီအသင်းနှင့် ပူးပေါင်းစဉ် ဒဏ်ရာရခဲ့ပြီး ကာလရှည် အနားယူနေခဲ့ရကာ ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ ကိုးပွဲသာ ပါဝင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တာစတီဂျန်သည် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့်အတွက် အသင်းနှင့်အတူ လေ့ကျင့်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် လာမည့်ပွဲစဉ်များတွင် ပါဝင်ကစားနိုင်ဖွယ် ရှိနေခြင်းဖြစ်သည်။

နည်းပြဖလစ်က "တာစတီဂျန်ရဲ့ ဒဏ်ရာနဲ့ပတ်သက်ပြီး အသင်းဆေးအဖွဲ့ထံက အကြောင်းကြားစာ ရရှိထားပါတယ်။ သူ့အနေနဲ့ ကြံ့ခိုင်မှု အပြည့်အဝရှိနေပြီး အသင်းနဲ့အတူ လေ့ကျင့်ခန်းတွေ လုပ်ဆောင်နိုင်ပြီဖြစ်လို့ မကြာခင် အသင်းအတွက် ပါဝင်ကစားပေးနိုင်တော့မှာပါ။ ဒါပေမဲ့ အသင်းမှာ နံပါတ်တစ် ဂိုးသမားကတော့ ဂါစီယာပါပဲ"ဟု ပြောကြားခဲ့သည်။

ဂိုးသမား တာစတီဂျန်သည် ယခုနှစ် ဘောလုံးရာသီအစပိုင်းက ဒဏ်ရာမှ ပြန်လည်သက်သာလာချိန်တွင်လည်း အသင်းတွင် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရကာ နည်းပြဖလစ်က ဂါစီယာကိုသာ ပွဲထွက် ဂိုးသမားအဖြစ်အသုံးပြုနေသောကြောင့် တာစတီဂျန်နှင့် နည်းပြဖလစ်တို့ကြား တင်းမာမှုများရှိနေပြီး လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။

Ref : Bein Sports

Trs : STA

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့

ဇော်မျိုးမင်း

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း(Universal Declaration of Human Rights, UDHR)ကို ၁၉၄၆ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ကြပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်၌ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ထိုကြေညာစာတမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ ထိုနေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဒီဇင်ဘာ ၁၀ ရက်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ဟုသတ်မှတ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပလျက်ရှိရာ ယခု ၂၀၂၅ ခုနှစ်တွင် ၇၇ နှစ်မြောက် အခါသမယကို ရောက်ရှိလာပြီဖြစ်သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသော ဆောင်ပုဒ်မှာ **"Our Everyday Essentials"** ဟူ၍ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဆောင်ပုဒ်သည် လူသားတိုင်း ဂုဏ်သိက္ခာနှင့် လုံခြုံမှုရှိသောဘဝတစ်ခုအတွက် အခြေခံလိုအပ်ချက်များဖြစ်သောပျော်ရွှင်မှု၊ လုံခြုံရေးနှင့် အခွင့်အလမ်းတို့အတွက် အခြေအနေကောင်းများကို ဖန်တီးပေးရန်နှင့် ထိုသို့ဖန်တီးပေးနိုင်ရန်အတွက် ပညာပေးလှုံ့ဆော်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်သည်။

**လူ့အခွင့်အရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက "လူ့အခွင့်အရေးဆိုသည်မှာ လူတစ်ယောက်ချင်းဖြစ်စေ၊ အုပ်စုလိုက်ကိုဖြစ်စေ သူတို့၏အခြေခံလွတ်လပ်မှုများနှင့် လူသားဂုဏ်သိက္ခာများကို မထိခိုက်စေရန် ကာကွယ်ပေးထားသော လူသားအားလုံးနှင့်သက်ဆိုင်သည့် တရားရေးဆိုင်ရာ အာမခံချက်"ဟူ၍ လူ့အခွင့်အရေးကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထိုအဓိပ္ပာယ်အရ လူ့အခွင့်အရေးဆိုသည်မှာ လူတစ်ဦးချင်းခံစားခွင့်ရှိသကဲ့သို့ လူအုပ်စုဝင်အလိုက်လည်း ခံစားခွင့်ရှိကြောင်း တွေ့ရှိရသည်။ လူ့အခွင့်အရေးဟူသော စကားလုံးပေါ်တွင် ပညာရှင်များ၏အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ ယနေ့တိုင် ပြီးပြည့်စုံခြင်းမရှိဘဲ ဆက်လက်ပေါ်ထွန်းလျက်ရှိနေသည်။

**လူ့အခွင့်အရေး၏သမိုင်းကြောင်း**

လူ့အခွင့်အရေးလှုပ်ရှားမှုများသည် ၁၉၇၀ ပြည့်နှစ်တွင် ကြီးထွားလာခဲ့ရာ အမေရိကန်နိုင်ငံနှင့် လက်တင်အမေရိကတို့မှလည်း အဓိကထောက်ပံ့ပြီး အထူးသဖြင့် ဥရောပအရှေ့ပိုင်းနှင့် အနောက်ပိုင်းရှိ ယခင်ဆိုရှယ်လစ်တို့မှဖြစ်သည်။ နိုင်ငံပေါင်း အတော်များများတွင် လူမှုရေးဆိုင်ရာ လှုပ်ရှားပြောင်းလဲရေးနှင့်နိုင်ငံရေးဆိုင်ရာ ဖွင့်ဟပြောဆိုမှုတို့သည် ကမ္ဘာ့လုပ်ငန်းစဉ်တွင် ရှေ့တန်းတင်ထားမှုကြောင့် လှုပ်ရှားမှုသည် လျင်မြန်စွာပုံပေါ်လာခဲ့သည်။

၁၉၄၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးများဆိုင်ရာမူကြမ်းကို စတင်ဆွေးနွေးခဲ့သူ အမေရိကန်သမ္မတ၏ဇနီး အယ်လဲန်နာရူးစ်ဗဲ့လ်ထ်(Eleanor Roosevelt )က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လူ့အခွင့်အရေးကော်မရှင်၏ အဖွဲ့ဝင်များက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ရေးဆွဲခဲ့သည်။ ကော်မရှင်အဖွဲ့ဝင်များသည် ထိုကဲ့သို့အခွင့်အရေးမူကြမ်း၏ပုံစံနှင့်၊ ၎င်းမူကြမ်းကို အတည်ပြုမည်၊ မပြုမည် သို့မဟုတ် မည်သို့အတည်ပြုသင့်သည်ဆိုသည်များနှင့်ပတ်သက်၍ ချက်ချင်းသဘောတူညီခြင်းမရှိခဲ့ပေ။ ကော်မရှင်သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့် တွဲဖက်ပါရှိသော သဘောတူစာချုပ်များကို ရေးဆွဲခြင်းကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ကနေဒါလူမျိုး ဥပဒေပါမောက္ခ ဂျွန်ဟမ်ဖရီ(John Humphrey)နှင့် ပြင်သစ်ရှေ့နေ ရီန်းကက်ဆင်(Rene Cassin)တို့သည် နိုင်ငံအများနှင့်စပ်ဆိုင်သော သုတေသနပြုခြင်းအများအပြားနှင့် နိဒါန်း၏ ယေဘုယျဥပဒေသကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်သော ကြေညာစာတမ်းပါ အပိုဒ်ခွဲများပါရှိသည့် စာတမ်းများ၏ဖွဲ့စည်းတည်ဆောက်ပုံတို့အတွက် အသီးသီး တာဝန်ယူခဲ့ကြကြောင်း သိရှိရသည်။

ကမ္ဘာ့အံ့ဘွယ်အရာများ ရေးသားသည့် The Guinness Book of Records စာအုပ်တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းသည် ကမ္ဘာတွင် အများဆုံးဘာသာပြန်ဆိုထားသည့် စာတမ်းတစ်ခုအဖြစ် အသိအမှတ်ပြုခံရသည်။ အဆိုပါကြေညာစာတမ်းသည် ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက် တွေ့ကြုံရသော အခက်အခဲများနှင့် ကမ္ဘာတစ်ဝန်းလုံးမှ ပထမဦးဆုံး တောင်းဆိုခဲ့ကြသည့် လူသားတိုင်းသည် ညီတူညီမျှ အခွင့်အရေးများ ရရှိနိုင်ရန်ရည်ရွယ်၍ တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ အပိုဒ်ပေါင်း ၃၀ ပါရှိသော ထိုစာတမ်းတွင် နိုင်ငံတကာနှင့်ဆက်ဆံမှု၊ ပြည်တွင်းလူ့အခွင့်အရေး တန်းတူရရှိနိုင်စေရန်နှင့် နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲနိုင်စေရန် ရည်ရွယ်ရေးသားခဲ့ကြသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်နှိုင်းယှဉ်ခြင်း**

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ် ၃၀ ပါရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပုဒ်မပေါင်း ၄၅၇ ခု နောက်ဆက်တွဲဇယားငါးခုပါရှိသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၂)တွင် လူတိုင်းသည် လူမျိုး၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားအယူအဆ၊ နိုင်ငံသား သို့မဟုတ် လူမှုအဆင့်အတန်းနှင့် ဆိုင်သော ဇစ်မြစ်၊ ပစ္စည်းဥစ္စာဂုဏ်၊ မျိုးရိုးဇာတိဂုဏ်နှင့် အခြားအဆင့်အတန်း စသည့်ခွဲခြားမှုမျိုးမရှိစေဘဲ ဤကြေညာစာတမ်းတွင် ဖော်ပြပါရှိသည့်အခွင့်အရေးနှင့် လွတ်လပ်ခွင့်အားလုံးကို ခံစားခွင့်ရှိသည်ဟုလည်းကောင်း၊ အပုဒ်(၇)တွင် လူအားလုံးတို့သည် ဥပဒေအရာ၌ တန်းတူရည်တူရှိကြပြီး ဥပဒေ၏တန်းတူကာကွယ်စောင့်ရှောက်မှုကို မည့်သည့်ခွဲခြားဆက်ဆံမှုမရှိစေဘဲ ခံစားပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ အပိုဒ်(၁၈)နှင့်(၁၉)တို့တွင် လွတ်လပ်စွာတွေးခေါ်ခွင့်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားခွင့်နှင့် ကိုးကွယ်ခွင့် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်ဟုလည်းကောင်း ဖော်ပြထားကြောင်း တွေ့ရှိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၄၇။ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၄၈။ တွင် နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကိုအကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟုလည်းကောင်း၊ ပုဒ်မ ၃၄၉။ တွင် နိုင်ငံသားများသည် ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှုများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသောအခွင့်အလမ်း ရရှိစေရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၅၀။ တွင် အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေးနှင့်လစာတို့ကို ခံစားခွင့်ရှိသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားရာ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် လိုက်လျောညီထွေရှိပြီး လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် သွေဖည်မှုမရှိကြောင်း တွေ့ရှိရသည်။

**❖ နိုင်ငံသားတိုင်းအနေဖြင့် လူ့အခွင့်အရေးကို အမှန်တကယ် လိုလားသည်ဆိုပါက မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့်တရား ဥပဒေစိုးမိုးရေးကို ထိပါးပျက်ပြားစေမည့်အပြုအမူ၊ အပြောအဆိုနှင့် စိတ်နေစိတ်ထားများကို ဖယ်ရှားရှောင်ကြဉ်ကာ မှန်ကန်မျှတမှုရှိသည့်၊ စည်းစနစ်ကျသည့် အခွင့်အရေးများကို ဖော်ဆောင်ကြရမည်ဖြစ်သည်။ ထိုသို့ဖော်ဆောင်မှသာ လူ့အခွင့်အရေးဆိုသည်မှာ ငြိမ်းချမ်းပြီး တန်းတူညီမျှရှိသည့် ကမ္ဘာကြီးအတွက် အခြေခံကျသည့် ခွန်အားတစ်ခုအဖြစ် ရောက်ရှိလာမည်ဖြစ်သည်။ ❖**

**လူ့အခွင့်အရေးကို ဥပဒေအရ ကန့်သတ်နိုင်**

လူ့အခွင့်အရေးသည် တရားဥပဒေပိုင်းဆိုင်ရာနှင့် အကျင့်စာရိတ္တဆိုင်ရာ အချက်နှစ်မျိုးစလုံးဖြင့် အကြုံးဝင်လျက်ရှိပြီး တစ်ခါတစ်ရံတွင် ခွဲခြား၍ပင် မရနိုင်ပါ။ လူ့အခွင့်အရေးဆိုသည်မှာ ဥပဒေအရခံစားခွင့်ရှိသလို ကျင့်ဝတ်အရလုပ်ဆောင်သင့်သည် ဟူသောအချက်နှစ်ချက်စလုံးနှင့် သက်ဆိုင်ပါသည်။ လူ့အခွင့်အရေးတချို့သည် လူတစ်ဦးတစ်ယောက်ချင်းဆိုင်ရာ အခွင့်အရေးများဖြစ်သလို အချို့မှာလည်း အုပ်စုလိုက်နှင့်သက်ဆိုင်သောအခွင့်အရေးများရှိပါသည်။ ထို့အပြင် အချို့မှာ လူတစ်ဦးချင်းနှင့်ရော အုပ်စုလိုက်နှင့်ပါ သက်ဆိုင်သော အခွင့်အရေးများဖြစ်ကြသည်။ အသက်ရှင်ခွင့်၊ နှိပ်စက်ညှဉ်းပန်းမှုမှကင်းလွတ်ခွင့်၊ ကျွန်ပြုခြင်းမှကင်းလွတ်ခွင့်၊ အကြွေးကြောင့် ချုပ်နှောင်ထားခြင်းမှ ကင်းလွတ်ခွင့်၊ ပြစ်မှုတစ်ခုအပေါ် နှစ်ခါပြန် တရားစီရင်ခြင်းမှ ကင်းလွတ်ခွင့်၊ ဥပဒေရှေ့မှောက်တွင် လူသားအဖြစ် ဆက်ဆံခံပိုင်ခွင့်၊ လွတ်လပ်စွာတွေးခေါ်ယုံကြည်ကိုးကွယ်ခွင့် အခွင့်အရေးတို့သည် မည်သည့်အခြေအနေ၊ မည်သည့်အကြောင်းမျိုးကြောင့်မှ ကန့်သတ်ခြင်း မရှိစေရဟု သတ်မှတ်ထားပါသည်။ အချို့သောအခွင့်အရေးများကို ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းအကျိုးနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက်ဖြစ်စေ၊ စိတ်ဓာတ်စာရိတ္တပိုင်းဆိုင်ရာအတွက်ဖြစ်စေ လိုအပ်ပါက ဥပဒေအရကန့်သတ်နိုင်သည်။ လွတ်လပ်စွာသွားလာခွင့်၊ ပြောဆိုရေးသားခွင့်၊ ထုတ်ဖော်ခွင့် အခွင့်အရေးများသည် အများပြည်သူအတွက် မလိုလားအပ်သောဆိုးကျိုးများကိုဖြစ်ပေါ်စေနိုင်သည်ဆိုပါက ဥပဒေအရ ကန့်သတ်နိုင်ကြောင်း သိရှိရသည်။

**လူ့အခွင့်အရေးကို လွဲမှားစွာအသုံးချခြင်း**

မြန်မာနိုင်ငံတွင် "လူ့အခွင့်အရေး" ၊ "ပြည်သူ့အတွက်" စသည့်စကားလုံးများသုံးနှုန်းကာ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ ဆရာ၊ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများကို ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ အကြမ်းဖက်ခြင်းများသည် လူ့အခွင့်အရေး၏ အနှစ်သာရကို ဆန့်ကျင်သည့် ရာဇဝတ်မှုများသာဖြစ်သည်။ ဤလုပ်ရပ်များသည် လူ့ဂုဏ်သိက္ခာ၊ ဘဝအာမခံချက်နှင့် တရားမျှတမှုကို ဖျက်ဆီးပစ်ခြင်းဖြစ်သည်။ လူ့အခွင့်အရေးသည် လူသားချင်းစာနာထောက်ထားမှု၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ဘေးကင်းလုံခြုံမှုကို အခြေခံထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် လူ့အခွင့်အရေး အမည်ခံလုပ်ရပ်များစွာသည် အမှန်တကယ် လူထု၏အကျိုးစီးပွားအတွက် ဟုတ်၊ မဟုတ် စဉ်းစားသင့်သည်။ အပြစ်မဲ့သူများအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက် သတ်ဖြတ်မှုများသည် မည်သည့်အခါမျှ လူ့အခွင့်အရေးဟု ခေါ်ဆိုခြင်းခံရနိုင်မည်မဟုတ်ပါ။ ဤသည်မှာ လူ့အခွင့်အရေးကို လွဲမှားစွာအသုံးချခြင်းသာဖြစ်ပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အခြေခံအုတ်မြစ်ကို ဖျက်ဆီးရန် ကြိုးပမ်းမှုသာဖြစ်ပေသည်။ ထို့ကြောင့် လူ့အခွင့်အရေးဟူသည် တရားဥပဒေဘောင်အတွင်းမှ ဖော်ဆောင်ပေးသော အခွင့်အရေးတစ်ရပ်ဖြစ်ပြီး တရားဥပဒေမဲ့၊ ဘောင်မဲ့၊ စည်းမဲ့မဟုတ်ကြောင်း ထင်ရှားစွာတွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့သည် လူမှုအသိုက်အဝန်းတစ်ခုလုံးတွင် လူ့အခွင့်အရေး၏အရေးပါမှုနှင့် အာမခံချက်ပေးထားမှုကို နိုင်ငံသားတိုင်းသိရှိစေရန် မီးမောင်းထိုးပြလျက်ရှိသည်။ နိုင်ငံသားတိုင်းအနေဖြင့် လူ့အခွင့်အရေးကို အမှန်တကယ်လိုလားသည်ဆိုပါက မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးရေးကို ထိပါးပျက်ပြားစေမည့် အပြုအမူ၊ အပြောအဆိုနှင့် စိတ်နေစိတ်ထားများကို ဖယ်ရှားရှောင်ကြဉ်ကာ မှန်ကန်မျှတမှုရှိသည့်၊ စည်းစနစ်ကျသည့် အခွင့်အရေးများကို ဖော်ဆောင်ကြရမည်ဖြစ်သည်။ ထိုသို့ဖော်ဆောင်မှသာ လူ့အခွင့်အရေးဆိုသည်မှာ ငြိမ်းချမ်းပြီး တန်းတူညီမျှရှိသည့် ကမ္ဘာကြီးအတွက် အခြေခံကျသည့် ခွန်အားတစ်ခုအဖြစ် ရောက်ရှိလာမည်ဖြစ်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် ဦးတည်ချက် (၄) ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း အေးချမ်းသာယာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သော လူ့အခွင့်အရေးစံနှုန်းမြင့်မားသည့်နိုင်ငံဖြစ်လာရေးအတွက် နိုင်ငံတော်အစိုးရနှင့်လက်တွဲကာ ပူးပေါင်းဆောင်ရွက်မှသာ အနာဂတ်အတွက် လုံခြုံစိတ်ချရသည့် လူ့အခွင့်အရေးများ ပိုမိုထွန်းကားလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း**

# ဗိုလ်တထောင်မြို့နယ် မူလ Art Gallery နှင့် Brick Studio Art Gallery တွင် ပုဂံ Group Art Exhibition ပန်းချီပြပွဲကို ကျင်းပပြုလုပ်သွားမည်




**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဝန်ကြီးများရုံးအတွင်းရှိ မူလ Art Gallery နှင့် Brick Studio Art Gallery တွင် ပုဂံအမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲများကိုစီစဉ်သူ ပန်းချီမျိုးဆွေသန်းထံမှ သိရသည်။

ပုဂံအမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီမောင်ကျော်၊ ဆရာနွယ်၊ ဦးကြည်၊ ဝင်းဖေ၊ မောင်ဒီ၊ မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)၊ ကျော်မောင်၊ သိန်းအောင်၊ မောင်ဆေးရိုး၊ ဖိုးရှား၊ မိုးယဉ်၊ ကျော်ရှိန်၊ ဉာဏ်အောင်၊ အောင်မောင်း၊ ဖေညွန့်ဝေ၊ တင်ရွှေချို၊ အမ်ပီပီရဲမြင့်၊ မောင်သီဟ၊ မျိုးသန့်အောင်၊ အောင်မြင့်ဦး၊ နေမျိုးဆေး၊ ဝင်းတင့်၊ ထွန်းဝင်းအောင်၊ ဘစိုင်းဝဏ္ဏ၊ ဖွဲ့ရန်နိုင်၊ စံဝင်းဖေ၊ ဘဂံ၊ စိုးစိုးစံနှင့်ချင်းတွင်းရေကြည်ပန်းချီအဖွဲ့မှ ပန်းချီဆရာများ၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲခြစ်ပန်းအမျိုးအစားစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ စုဆောင်းမှုထဲက ပုဂံရဲ့ပုံရိပ်ကို တင့်တယ်မြင့်မားစေပြီး အမွေအနှစ်တည်ရှိရာနဲ့ အမွေအနှစ်တည်ရှိကြောင်း အနာဂတ် မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်း အသိပေးနိုင်တဲ့ ပန်းချီကားတွေကိုသာ ခင်းကျင်းပြသမှာဖြစ်ပါတယ်။ ပန်းချီကားတွေကို ဒီဇင်ဘာ ၁၂ ရက်ကနေ ၁၆ ရက်ထိ ပြသမှာဖြစ်ပါတယ်။ ဝန်ကြီးများရုံးအတွင်းက ပန်းချီပြခန်း နှစ်ခုမှာ နေ့စဉ် နံနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ တစ်ပြိုင်တည်း ခင်းကျင်းပြသထားမှာဖြစ်ပါတယ်"ဟု ပန်းချီမျိုးဆွေသန်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆ x ၂၄) လက်မ၊ (၂၄ x ၂၄) လက်မ၊ (၁၈ x ၂၄) လက်မ၊ (၁၈ x ၁၈)လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ခုနစ်သိန်းမှ သိန်း ၃၀ ထိရှိကြောင်း သိရသည်။

ASH

# Searchlight ၏ ဟာသဇာတ်ကားသစ်၌ မင်းသား ဘိုဝန်ယန်းနှင့် မက်ရော်ဂျာတို့ ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၉**

Searchlight ရုပ်ရှင်ကုမ္ပဏီ၏ ဟာသဇာတ်ကားသစ်၌ မင်းသား ဘိုဝန်ယန်းနှင့် မက်ရော်ဂျာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကိုလည်း ဘိုဝန်ယန်းနှင့် မက်ရော်ဂျာတို့ကပင် ရေးသားပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကို Searchlight ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် Why didn't Chris and Dan get into Berghain? အမည်ရှိ Podcast ဇာတ်လမ်းတွဲများကို ရုပ်ရှင်အဖြစ် ပြန်လည်အသက်သွင်းမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါရုပ်ရှင်ဇာတ်ကားသည် သမုဒ္ဒရာကိုဖြတ်၍ ဘာ့ဂ်ဟိန်း အမည်ရှိ ကမ္ဘာ့အထူးခြားဆုံး နိုက်ကလပ်သို့ သွားရောက်ရန် ကြိုးပမ်းခဲ့သော အမေရိကန်နိုင်ငံသား နှစ်ဦးအကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၉**

CANAL+ ZAT LENN ရုပ်သံလိုင်းမှ ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၃ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ စိုင်းစိုင်းခမ်းလှိုင်ထံမှ သိရသည်။

အဆိုပါ ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာမ ပုညခင်၏ ဝတ္ထုဇာတ်လမ်းကို နေနေဒ်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာကောင်းဇံက ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ပြီး CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားက စာရေးဆရာမ ပုညခင်ရဲ့ အောင်မြင်တဲ့ ဝတ္ထုဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါ




တယ်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတုန်းက ရုံတင်ပြသခဲ့ပါတယ်။ အဲဒီတုန်းကလဲ ပရိသတ်အများအပြားအားပေးခဲ့ကြတဲ့အတွက် ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် CANAL+ ZAT LENN ကနေ ဒီဇင်ဘာ ၁၃ ရက် ည ၇ နာရီ မိနစ် ၃၀ မှာ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် စိုင်းစိုင်းခမ်းလှိုင်၊ ဝတ်မှုန်ရွှေရည်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# The Batman Part-II ဇာတ်ကား၌ မင်းသမီး စကားလက်ဂျိုဟန်ဆင် ပါဝင်ဖွယ်ရှိ

**နယူးယောက် ဒီဇင်ဘာ ၉**

မာဗယ်စတူဒီယို၏ The Batman Part-II ဇာတ်ကား၌ မင်းသမီး စကားလက်ဂျိုဟန်ဆင် ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် မင်းသမီး စကားလက်ဂျိုဟန်ဆင်သည် The Batman Part-II ဇာတ်ကား၌ ပါဝင် သရုပ်ဆောင်ရေးအတွက် မာဗယ်စတူဒီယိုနှင့် အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

The Batman Part-II ဇာတ်ကားသည် ဒါရိုက်တာ ရီးဗက် ရိုက်ကူးခဲ့သော The Batman (2021)၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး The Batman Part-II ဇာတ်ကားကို ၎င်းကပင် တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပါက စကားလက်ဂျိုဟန်ဆင်သည် မင်းသားရောဘတ်ပက်တင်ဆန်၊ ပေါ်ဒါနို၊ မင်းသမီး ဇိုးကရာဗစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၇ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ၃၈ ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများပူဇော်ကန်တော့ပွဲ ကျင်းပသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ၃၈ ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး မောင်ငြိမ်းသူ(ကြို့ပင်ကောက်)ထံမှ သိရသည်။

အဆိုပါ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ၃၈ ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ မြို့တော်ခန်းမတွင် ပြုလုပ်မည်ဖြစ်ပြီး ယခုနှစ်တွင် ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဦးရေ ၂၇၀ ကျော်ကို ဂါရဝပြုကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ်ကတော့ ၃၈ ကြိမ်မြောက်အဖြစ် စာပေပညာရှင်ကြီးစုစုပေါင်း အယောက် ၂၇၀ ကျော် သက်ကြီးစာပေပညာရှင်ကြီးကို အရင်နှစ်တွေအတိုင်း အသင်းဝင် စာရေးဆရာတွေ စုံစုံညီညီနဲ့ ဂါရဝပြု ပူဇော်ကန်တော့ကြမှာဖြစ်ပါတယ်။ အခမ်းအနား တက်ရောက်နိုင်ခြင်းမရှိတဲ့ ဆရာကြီး၊ ဆရာမကြီးတွေကိုလဲ အိမ်တိုင်ရာရောက် သွားရောက်ဂါရဝပြုကန်တော့ကြမှာ ဖြစ်ပါတယ်"ဟု မောင်ငြိမ်းသူ(ကြို့ပင်ကောက်)က ပြောပြသည်။

သက်ကြီးစာပေပညာရှင်ကြီးများကို မြန်မာနိုင်ငံ စာရေးဆရာအသင်းကမြန်မာနိုင်ငံစာရေးဆရာအသင်းဝင်၊ အသက် ၈၀ နှင့်အထက် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ် စာဆိုတော်နေ့ နတ်တော်လဆန်း တစ်ရက်နေ့တွင် ဂါရဝပြု ပူဇော်ကန်တော့လေ့ ရှိကြောင်း သိရသည်။

ASH

# A video message delivered by Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Min Aung Hlaing at the ceremony to mark the International Anti-Corruption Day

## (9 December 2025)



Senior General Min Aung Hlaing gives a video speech at the ceremony to mark the International Anti-Corruption Day.

**Everybody, Mingalaba!**

On the occasion of the International Anti-Corruption Day, observed on 9 December, today, I would like to extend my greetings and best wishes for good health and well-being to all Union-level dignitaries, chief ministers of states and regions, and special invited guests attending the commemorative ceremony.

Corruption remains a major obstacle in implementing reforms and development activities needed for national progress. The government, prioritizing the national interest, is working with strong political will to eliminate corruption, aiming to build a genuine democratic state based on responsibility, accountability, transparency, integrity, fairness and the rule of law.

A clean government and an effective administrative system are essential to establishing a disciplined and fully democratic nation. Ensuring good governance requires the absence of corruption, and corruption itself is a barrier to effective administration. Therefore, only by establishing a corruption-free and sound governance system can the country achieve development across all sectors, leading to fairer and more prosperous social conditions for the public.

Short-term and long-term plans are needed to effectively carry out anti-corruption efforts, and all members of society must participate actively and transparently in the fight against corruption. Transparency, responsibility, and accountability in anti-corruption activities help prevent and eliminate corruption effectively. At the same time, tolerance, excusing, or ignoring corrupt acts only encourages such behaviour and must therefore be strictly avoided.

The United Nations Convention against Corruption has set this year's International Anti-Corruption Day theme as: "Uniting with Youth Against Corruption: Shaping Tomorrow's Integrity" In line with this theme, the Commission will continue implementing awareness programmes and youth dialogue sessions aimed at educating young people, who play an important role in shaping the future, about anti-corruption issues. The Commission also emphasized the need to work continuously toward building a corruption-free society.

Integrity is an essential pillar of political, economic, and social institutions. For individuals and communities alike, integrity is vital for building trust, fostering healthy social and economic relations, and ensuring both physical and mental well-being. To ensure effective national reforms, integrity must be upheld not only in administrative processes but also within the legislative and judicial sectors. Such practices require cooperation not only from government institutions but also from individuals and the private sector. Only then can national and public interests be served with goodwill, honesty, and strong moral principles.

To build a corruption-free society, existing corrupt practices must be reduced by investigating and eliminating cases of corruption, while at the same time implementing the necessary reforms, management measures, and sustained efforts to ensure that corruption eventually disappears in the future.

In particular, it is necessary to identify and remove all root causes that give rise to corrupt practices. This includes addressing complex and difficult-to-understand laws, regulations, orders, instructions, rules, and procedures that can be misused by those in positions of authority. These must be revised and presented in a clear and accessible way so that the public can easily understand them. Such measures need to be incorporated into the formulation of national anti-corruption strategic plans.

The government is implementing its responsibilities with a focus on the Our Three Main National Causes and is working to build a Union based on democratic and federal principles. This includes carrying out the national objective of "promoting national prosperity and ensuring food security" and the political objective of "strengthening a genuine, disciplined multiparty democratic system and building a Union based on democracy and a federal system."

The National Defence and Security Council has set the objective of **"to implement multiparty democratic system, with the participation of the people, to ensure the success of multiparty democratic general election process and successfully moving towards with the multiparty democratic system aspired by the entire people."** Measures are being carried out accordingly.

To build a Union based on democratic and federal principles, it is essential to successfully hold free and fair elections. All eligible voters must have the opportunity to cast their votes, and elections must be conducted freely, fairly, and within the designated timeframe. The public is therefore urged to participate actively and responsibly in these processes. The authorities also call on all stakeholders to avoid inappropriate conduct and unlawful actions that may occur during the election process. Officials and citizens alike are encouraged to work together to ensure that the elections are free from corruption, impartial, transparent, and conducted in a disciplined and credible manner.

In conclusion, to cultivate a culture that does not tolerate corruption and to prevent misconduct, it is essential to prioritize balanced approaches to public awareness and preventive measures. In addition, in line with the objectives set by the State, action must be taken effectively and in accordance with the law against anyone who commits corruption, without discrimination or favour.

Therefore, efforts must be made to establish a culture of zero tolerance for corruption, to expand public understanding of anti-corruption issues, and to build a society committed to rejecting and eliminating corrupt practices. In doing so, civil servants, public employees, business operators, civil society organizations, the media, and the general public must work together to distinguish clearly between public interest and personal gain, and to prevent any form of misconduct as part of honouring the 22nd International Anti-Corruption Day.

Thank you all.


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ten more buildings used for online scam gambling demolished inside KK Park; additional illegal facilities found around Myawady



Before demolition.



After demolition.

A 4-story residential building illegally constructed in Section (3) of the KK Park area.

**Nay Pyi Taw December 9**

The Myanmar government continues joint clearance operations in Shwe Kokko and KK Park—areas where online scam gambling operations are heavily concentrated—by entering illegal compounds, seizing equipment used in online scam activities, and systematically demolishing unlawful buildings. Security forces, administrative bodies, and local authorities are jointly conducting these operations.

As part of the ongoing crackdown, authorities today demolished ten more illegal buildings used for online scam gambling inside Section (3) of the Myawady–Maehtawthalay (KK Park) area. The demolished structures include one four-storey building, one three-storey building, and eight other two-storey buildings. This brings the total number of demolished illegal buildings in KK Park to 351 out of 635 identified illegal structures.

In addition, equipment previously used in scam gambling operations in both KK Park and Shwe Kokko was also incinerated today to prevent further misuse. Foreign nationals arrested in these areas are being processed for rapid repatriation, based on humanitarian considerations and friendly relations between countries. Today, 123 illegal foreign nationals from six countries who had been detained in the Myawady–Shwe Kokko region were transferred across the Myanmar–Thailand Friendship Bridge No. 2 in accordance with legal procedures. Efforts continue to repatriate the remaining detainees, who are being kept in secure conditions.

Furthermore, from 8 December onward, joint teams made up of security forces, administrative organizations, and local officials have been conducting inspections in Myawady and surrounding areas of Kayin State to ensure there are no illegal foreign residents or ongoing scam gambling activities. Out of 121 buildings inspected so far, 10 were found to have been used for online scam gambling. A total of 708 computers used in these operations were seized.

The government considers the suppression of online scam gambling a national-level responsibility and will continue working with domestic forces as well as neighbouring governments to eliminate such operations entirely from Myanmar. 100



Clearing out a 7-storey building that could potentially house illegal foreigners.



Illegal online gambling operators who are foreign nationals in the Shwe Kokko area, Myawady Township, Kayin State, being transferred back to their respective countries via the Myanmar-Thailand Friendship Bridge No. 2.



Burning and destroying items used by online scammers.

# Plan underway to grow more than 11,000 acres of sunflower in Myaungmya District

**Myaungmya December 9**

Arrangements are being made to grow a total of 12,406 acres of sunflower as cold season crops in Myaungmya District of Ayeyawady Region this year, said Daw Khin Htay Myint, the Head of the district Agriculture Department.

In Myaungmya District, during this year's winter cropping season, sunflower cultivation is planned for 11,406 acres, starting in the second week of December. Of these 11,406 acres, 2,310 acres will be in Einme Township, 8,691 acres in Wakema Township, and 405 acres in Myaungmya Township.

"Before the winter crops are planted in Myaungmya District, we have already provided farmers with guidance on cultivation techniques. In addition, to ensure high yields and good-quality crops, technical support programs are being conducted for farmers. Fertilizers and necessary soil nutrients are also being coordinated and supplied through relevant organizations. Training is being provided to ensure that farmers can apply these fertilizers according to proper agricultural practices," said Daw Khin Htay Myint.

To ensure that all winter crops, including oilseeds, are planted according to planned targets, local farmers are working in coordination with the District Agriculture Department, the Irrigation and Water Utilization Management Department, the Agro-Industrial Department, and administrative committees. It is reported that farmers and the Agriculture Department are working together to fully plant the designated sunflower acreage.

Kyaw Kyaw Lin



A sunflower plantation.

# Labutta Township sells a large volume of Seabass to Yangon market in November

**Labutta December 9**

Local merchants from Labutta Township of Ayeyawady Region shipped a large volume of Seabass to Yangon market in November, said Daw Mar Mar Aye, the owner of fishery product trading depot in Labutta Township.

In Labutta Township, seabass exports to the Yangon market reached up to 50,000 viss in October, and in November, exports reached up to 70,000 viss per month.

"Over the past month, we exported up to 70,000 viss of seabass from our township. The Yangon market's strong demand boosted export volumes. As exports increased, business operators and those working in the fisheries sector were able to operate smoothly," said Daw Mar Mar Aye.

Seabass from Labutta Township fetches the prices ranging from K19,500 to K24,000 per viss in the Yangon market. With a large quantity of seafood, including seabass, being exported, traders, fishery workers, and cargo transport workers have gained employment and are operating under favorable conditions.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်ကို စမ်းသပ်ပစ်ခတ်ခဲ့



တရုတ်နိုင်ငံသည် မကြာသေးမီက ဂိုဘီသဲကန္တာရတွင်ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုတွင် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်သစ်ကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း Defence Blog သတင်းဌာနက ဒီဇင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်သည် တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ဖြစ်ပြီး မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များဖြင့် ပစ်မှတ်ကို တိကျစွာတိုက်ပွဲဝင်နိုင်မှုစွမ်းဆောင်ရည်များကို စမ်းသပ်လေ့ကျင့်ခြင်းပင်ဖြစ်သည်။ ဤလေကြောင်းရန်ကာကွယ်ရေးစနစ်သစ်တွင် ဘီးတပ်စစ်ဘက်သုံးထရပ်ကားပေါ်တွင် တပ်ဆင်ထားသော ဒုံးပစ်လောင်ချာပါဝင်ပြီး မြေမျက်နှာသွင်ပြင်အနေအထား အမျိုးမျိုးတွင် လျင်မြန်စွာတိုက်ပွဲဝင်ဖြန့်ကြက်နိုင်စွမ်းရှိသည်။

လေ့လာဆန်းစစ်ချက်များအရ ပစ်ခတ်စဉ်တွင်အသုံးပြုခဲ့သောကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်သည် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် ပြုပြင်ပြောင်းလဲထားသည့် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်အမျိုးအစားမှ ဆင်းသက်လာဖွယ်ရှိကြောင်း သိရသည်။ ၎င်းသည် နော်ဝေနိုင်ငံ၏ NA–SAMS စနစ်တွင် AIM–120 AMRAAM ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များကို အသုံးပြုထားသည့်ပုံနှင့် ဆင်တူနေကြောင်း သိရသည်။

အဆိုပါ လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်သစ်နှင့်ပတ်သက်၍ အမည်နာမ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသလို တရုတ်နိုင်ငံကာကွယ်ရေး ဝန်ကြီးဌာနကလည်း လက်နက်စနစ်အကြောင်း သို့မဟုတ် ၎င်းကို မည်သည့်အချိန်တွင် တပ်ဖြန့်အသုံးပြုမည်ဆိုသည်ကို တရားဝင်ကြေညာခဲ့ခြင်းမရှိသေးပေ။ သို့ရာတွင် ပြောင်းလွယ်ရှိစွာ စနစ်အစိတ်အပိုင်းများ ပါဝင်ဖွဲ့စည်းထားမှုနှင့် ယာဉ်တင်စနစ်ပေါင်းစပ် လုပ်ဆောင်ထားမှုတို့သည် လေကြောင်းခြိမ်းခြောက်မှုများမှ စစ်ဘက်ယာဉ်တန်းများ သို့မဟုတ် အရေးကြီး အခြေခံအဆောက်အအုံများကိုနည်းဗျူဟာမြောက်စွာကာကွယ်နိုင်မည့် လက်နက်စနစ်တစ်ခုဖြစ်ကြောင်း မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။

ဤစနစ်သည် နယ်စပ်ဒေသများနှင့် အဓိကအခြေခံအဆောက်အအုံများအပေါ် ဒရုန်းများ၊ ခရုဇ်ဒုံးကျည်များနှင့် ရဟတ်ယာဉ်များ၏ ခြိမ်းခြောက်မှုများအပေါ် စိုးရိမ်မှုများ မြင့်တက်လာနေချိန်တွင် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၊ ကြည်းတပ်၏ တာတိုပစ် လေကြောင်းရန်ကာကွယ်ရေး စွမ်းရည်များကို ပိုမိုကျယ်ပြန့်စွာ အဆင့်မြှင့်တင်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်သည်ဟု စစ်ရေးလေ့လာဆန်းစစ်သူများက အကြံပြုထားသည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် အာရုံစိုက်မှု ပိုမိုများပြားလာခဲ့သည်။ တရုတ်နိုင်ငံသည် တာဝေးပစ် HQ–9 စီးရီးမှသည် တာလတ်ပစ်၊ တာတိုပစ်၊ ပခုံးထမ်းဒုံးကျည်စနစ် (MANPADS)နှင့် လေယာဉ်ပစ်အမြောက် အခြေပြုဖြေရှင်းချက်များထိ အလွှာစုံလေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ် မျိုးစုံကို လက်ရှိတွင် ပိုင်ဆိုင်ထားနိုင်နေပြီဖြစ်ကြောင်း သိရသည်။

**China tests new modular air defense system ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက M1014 ပြောင်းချောသေနတ်ကိုအသုံးပြု၍ အနိမ့်ပျံ၊ အသေးစားဒရုန်းများကို တန်ပြန်ပစ်ခတ်ပြခဲ့



အမေရိကန် မရိန်းတပ်ဖွဲ့အခြေစိုက်စခန်း Pendleton ၌ Steel Knight 25 စစ်ရေးလေ့ကျင့်ခန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် မရိန်းတပ်ဖွဲ့ဝင်များသည် M1014 ပြောင်းချောသေနတ်ကို အသုံးပြု၍ အနိမ့်ပျံ၊ အသေးစားဒရုန်းများကို တန်ပြန်ပစ်ခတ်ပြခဲ့ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Pendleton အခြေစိုက်စခန်းရှိ လေ့ကျင့်ရေးကွင်းသည် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို ပစ်မှတ်များ မျက်မြင်ထောက်လှမ်းရန်၊ ခြေရာခံထိန်းကျောင်းရန်နှင့် ရန်သူ့ဒရုန်းပုံစံတူပစ်မှတ်များဆီသို့ လျင်မြန်စွာတိုက်ခိုက်ပစ်ခတ်နိုင်ရန် စသည့်တိုက်ပွဲလုပ်ငန်းစနစ်များကို အသားကျဆောင်ရွက်နိုင်ရန်အတွက် ကြိမ်ဖန်များစွာ လေ့ကျင့်ခဲ့ကြသည်။ ထိုသို့လေ့ကျင့်မှုများက လက်တွေ့တွင် ဒရုန်းများ အလွန်လျင်မြန်စွာချဉ်းကပ်ပျံသန်းလာသည့်အခါ သို့မဟုတ် မိတ်ဆွေတပ်ဖွဲ့များ၏ အာရုံခံထောက်လှမ်းခြင်းနှင့် နှောင့်ယှက်ခြင်းစနစ်များဖြင့် ပိတ်ဆို့တားဆီးရန် အလွန်နိမ့်သောအခြေအနေတစ်ရပ်တွင်ရောက်ရှိနေသည့်အခါ အဆိုပါ ပြောင်းချောသေနတ်သည် နောက်ဆုံးခံစစ်စည်းလက်နက်အဖြစ် အားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်သည်။

M1014 (Benelli M4) ပြောင်းချောသေနတ်သည် 12-gauge semiautomatic shotgun အမျိုးအစားဖြစ်ပြီး ဓာတ်ငွေ့ထည့်သွင်း၍ ပစ်ခတ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ကျည်အမျိုးမျိုး ထည့်သွင်းပစ်ခတ်နိုင်ပြီး ကျည် ရှစ်တောင့်ဆန့်ကာ နောက်ပြန်ကန်အား မြင့်မားကောင်းမွန်သည်။ အထူးထုတ်လုပ်ထားသော buckshot နှင့် frangible rounds ကျည်ဆန်များသည် ဒရုန်း၏ပန်ကာများ၊ အာရုံခံကိရိယာများနှင့် အပေါ်စားကိုယ်ထည်များထိ တိုက်ခိုက်ဖျက်ဆီးပစ်နိုင်ရန် ပြန့်ကြဲတိုက်ခိုက်နိုင်ကြသည်။ မရိန်းတပ်ဖွဲ့ဝင်များသည် ပစ်မှတ်လားရာကို ခန့်မှန်းတွက်ချက်ခြင်း၊ ဘယ်ညာ ပခုံး အမြန်ပြောင်းလဲ၊ ပစ်ခတ်ခြင်းနှင့် အဖွဲ့လိုက် ညှိနှိုင်းပစ်ခတ်ခြင်းတို့ကိုလုပ်ဆောင်ခဲ့ကြသည်။ ပြောင်းချောသေနတ်များသည် ခန့်မှန်းရခက်စွာလှုပ်ရှားနေသည့် ဒရုန်းများကို တိုက်ခိုက်ရာတွင် မရှိမဖြစ်လိုအပ်သော လက်နက်အမျိုးအစားတစ်ခု ဖြစ်လာသည်။ ဤလေ့ကျင့်မှုသည် စရိတ်သက်သာသော၊ ချက်ချင်းအသုံးပြုနိုင်သော တန်ပြန်ဖြေရှင်းချက်အဖြစ် ပြောင်းချောသေနတ်သည် အလွှာလိုက် တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးတွင် ကွက်လပ်ဖြစ်နေမှုကို ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ပြောင်းချောသေနတ်ကို တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးတွင် အသုံးပြုခြင်းသည် အမေရိကန်တစ်နိုင်ငံတည်း မဟုတ်ပေ။ ကမ္ဘာတစ်ဝှမ်းရှိ စစ်တပ်များစွာသည် ၎င်းတို့၏ ရိုးရှင်းမှုနှင့် စရိတ်နည်းပါးမှုကြောင့် ပြောင်းချောသေနတ်များကို တန်ပြန်ဒရုန်းတိုက်ဖျက်ရေးလက်နက်များအဖြစ် စတင်အသုံးပြုနေကြပြီဖြစ်သည်။

ပြောင်းချောသေနတ်သုံး၍ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုများကို Steel Knight 25 စစ်ရေးလေ့ကျင့်မှုတွင် ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် မရိန်းတပ်ဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံး တိုက်ပွဲဝင်လုပ်ငန်းစနစ်များနှင့် ချိန်ညှိလိုက်ခြင်းဖြစ်သည်။ M1014 ပြောင်းချောသေနတ်ကို တန်ပြန်ဒရုန်းအခန်းကဏ္ဍများတွင် အသုံးပြုခြင်းသည် အမေရိကန်၏ ကာကွယ်ရေးဦးစားပေးမှုများတွင် ပြောင်းလဲလာမှုကိုအချက်ပြနေကြောင်း သိရသည်။

**U.S. Marines Train with M1014 Shotgun as Counter-Drone Solution Against Small Aerial Threats ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် နေကြာ ၂၄၃၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရေမြင့်မားရေးအတွက် ပညာပေး သင်တန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် အောက်တိုဘာလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူအားကောင်းနေခြင်းကြောင့် တင်ပို့အားကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ဒီဘက်ကနေ ဆန်ကွဲအိတ်တွေ အပါအဝင် အခြားတင်ပို့ကုန်စည်တွေကို ကုန်တင်ယာဉ်တွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်"ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြသည်။



ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ဆန်ကွဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းနေခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေ လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် သဲကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သဲကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သဲကျွန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၃၈ ဒသမ ၃ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၄ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးအတွက် ငွေကျပ် ၄၃ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




# ပြည်မြို့နယ် ဝန်တင်ဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းမြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်း စစ်ဆေး



**ပြည် ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အုတ်ဆွဲကျေးရွာအုပ်စု ဝန်တင်ဆိပ်ကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့်ကျေးလက်ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဝန်တင်ဆိပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ဝန်တင်ဆိပ် ကျေးရွာ၌လမ်းအရှည်ပေ ၃၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေနီ ကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၂၁ သန်းအသုံးပြုပြီး တုန္နိုင်းမဲ့ကေရီကုမ္ပဏီမှတာဝန်ယူ၍ ဇူလိုင်လ ၁၇ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ဝန်တင်ဆိပ်ကျေးရွာရှိ တောင်သူများ၏ လယ်ယာကုန်ထုတ်သီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ပြောပြ၍ သိရသည်။

**ချိုလေး**



# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့မှတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယို၊ ပိုစတာနှင့်ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားအတွက် ပေးပို့သည့် Video Message ကို ပြသသည်။ **(နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပြောကြားသည့် Video Message ကို စာမျက်နှာ ၁ တွင် သီးခြားဖော်ပြထားပါသည်။ )**

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက်ပြည်သူအခြေပြုနည်းလမ်းများဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး တည်ဆောက်ရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အခြားအခြားသော အနှောင့်အယှက်၊ အဖျက်အမှောင့်၊ အခက်အခဲများနှင့်အတူ အဂတိလိုက်စားမှုသည်လည်း အဓိကအဟန့်အတားတစ်ခုဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

အဂတိလိုက်စားမှုများသည် နိုင်ငံရေး၊ စီးပွားရေးနှင့်အုပ်ချုပ်ရေးနယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဆက်နွယ်ဖြစ်ပွားလျက်ရှိကြောင်း၊ အဂတိလိုက်စားမှုဆိုရာတွင် နိုင်ငံတော်ဘဏ္ဍာ၊ ငွေကြေးနှင့်ပစ္စည်းများကို အလွဲသုံးစားပြုမှုသာမဟုတ်ဘဲ လုပ်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားပြုခြင်း၊ မလျော်ဩဇာသုံးခြင်းလည်း ပါဝင်ပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသူများအနေဖြင့် အဂတိကင်းစင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန်အတွက် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်မျှော်မှန်းချက်များချမှတ်ပြီး မဟာဗျူဟာစီမံချက်တွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် ရေးဆွဲဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ခိုင်ခိုင်မာမာချမှတ်ထားရန်နှင့် အများပြည်သူတို့၏ မျှော်လင့်ချက်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးရည်မှန်းချက်များကို နီးကပ်နိုင်သမျှ နီးကပ်မှုရှိစေရေး ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း။

အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားဆိုင်ရာအားနည်းချို့ယွင်းမှု၊ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်သည်ဆိုသည်ကို ငယ်စဉ်ကတည်းက သိမြင်နားလည်ပြီး အဂတိလိုက်စားမှုပြုလုပ်ခြင်းသည် ရှက်ရွံ့စရာတစ်ခုဖြစ်ကြောင်း အသိတရားပြည့်ဝလာရန်အတွက် သွန်သင်ဆုံးမမှု၊ အသိပညာပေးမှုများ လိုအပ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကစပြီး လူငယ်လူရွယ်များကို အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားပျက်ယွင်းမှုအဖြစ် သိမြင်နားလည်ပြီး ထိန်းသိမ်းရှောင်ကြဉ်နေထိုင်ကြစေရန် အသိပညာပေးမှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားစဉ်အချိန်တွင် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာတတ်သည့် အလေ့အထကောင်းများဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ကျောင်းသင်အတတ်ပညာများသာမက စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အသိပညာမြင့်မားရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်မြင့်မားရေးတို့ကို စနစ်တကျလေ့ကျင့်သင်ကြားပေးခြင်းစသည်ဖြင့် စည်းကမ်းရှိသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များတွင် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာပညာပေးအစီအစဉ်များ၊ လူငယ်စကားဝိုင်းများကို ကော်မရှင်အနေဖြင့် အင်တိုက်အားတိုက် ကျင်းပပြုလုပ်နေသည်ကိုတွေ့ရပြီး ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

ကော်မရှင်အနေဖြင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ ပညာပေးအစီအစဉ်များသာမက အစိုးရဌာနများတွင် အသေးစားအဂတိလိုက်စားမှုများ လျော့ပါးပျောက်ကွယ်စေရန်နှင့် ဌာနဆိုင်ရာဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ချက်များနှင့် ပြည်ထောင်စုဝန်ကြီးဌာန၊အဖွဲ့အစည်းနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)များ ဖွဲ့စည်းထားကြောင်း၊ ထို့ပြင် ပြည်သူများကို ဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အကြံဉာဏ်များရယူသည့် ပြည်သူ့ထံမှ

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်း၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်လင်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်လုံမြို့ကွက်သစ်မှ ဝမ်အင်ဘုန်းတော်ကြီးကျောင်းသို့ ဆက်သွယ်ထားသည့် ကျောက်ချောလမ်းပေါ်၌ ၂၈၆၈ ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးပြည့်မီရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ရန်မှာကြားပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပင်လုံမြို့ရှိ လွိုင်လင်-လဲချားလမ်းမကြီးမှ မေတ္တာအေးရိပ်ဘုန်းတော်ကြီးသင် ပရဟိတပညာရေးကျောင်းသို့ ဆက်သွယ်ထားရှိသည့် ကျောက်ချောလမ်း တစ်မိုင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ပင်လုံမြို့ ကျက်သရေဆောင် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် စေတီတော်ရင်ပြင်ပတ်လမ်း ကြွေပြားအသစ်လဲလှယ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)၌ သင်တန်းကျောင်း ကျောင်းအုပ်၊ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပြီး သင်ကြားပေးနေသော စာပေအတတ်ပညာများကို အပတ်တကုတ်လေ့လာသင်ယူသွားကြရန်၊ အတတ်ပညာများအပြင် ပြင်ပဗဟုသုတများကို လေ့လာဆည်းပူး၍ အသိပညာများဖွံ့ဖြိုးတိုးတက်အောင် အမှန်နှင့်အမှား ကွဲပြားစွာဝေဖန်ပိုင်းခြားနိုင်သော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်၊ ဆရာ၊ ဆရာမများ၊ နည်းပြများအနေဖြင့် ကျောင်းသား၊ကျောင်းသူများကို စာပေပညာရပ်များအပြင် အတွေးအခေါ်အသိအမြင်နှင့် အယူအဆကောင်းများ ဗလငါးတန်နှင့် ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများဖြစ်အောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန်မှာကြားကာ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ ဟိုပုံးမြို့နယ် ဟွေ့ရေခေါက်-ဒုံလိတန်ကျေးရွာချင်းဆက်ကျောက်ချောလမ်း ၁၂ မိုင် ၂ ဖာလုံ အနက် လေးဖာလုံ ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





တုံ့ပြန်မှုရယူခြင်းအစီအစဉ်(PFP) ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရကြောင်း။

ထိုသို့ကောင်းမွန်သည့် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုများသည် ဖြောင့်မတ်တည်ကြည်မှုနှင့် တရားမျှတမှုတို့ လွှမ်းခြုံနေသည့်အနာဂတ်ကို တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့်အတွက် လူသားတိုင်းခံစားရရှိနိုင်မည့် အခွင့်အရေးများကိုလက်လှမ်းမီစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းသည့် လူနေမှုဘဝကို ပိုင်ဆိုင်စေနိုင်မည်ဖြစ်ကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင်ပါရှိသည့် ရည်မှန်းချက်ပန်းတိုင် ၁၇ ခုထဲက ပန်းတိုင် ၁၆ ကိုအခြေခံပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP မဟာဗျူဟာ ၁-၄ တွင် “ကောင်းမွန်သောအုပ်ချုပ်မှု၊တာဝန်ယူမှု၊တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုမြှင့်တင်ရေး”ကိုရေးဆွဲထားကြောင်း၊ ထိုသို့ရေးဆွဲချမှတ်ထားသည့်မဟာဗျူဟာနှင့်အညီ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားကို ပိုမိုခိုင်မာအားကောင်းစေပြီး အဂတိလိုက်စားမှုကင်းစင်သည့် အခြေခံအုတ်မြစ်ပေါ်တွင် ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တစ်ဦးတစ်ယောက်ကစပြီး ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်နှင့် အဂတိလိုက်စားမှုကိုလက်မခံသော ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီးဖော်ဆောင်နိုင်စေရေး ဦးတည်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာပြီး ပြည်တွင်း၊ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန်မှာကြားလိုကြောင်း၊အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားတွင် အရေးပါသည့် နိုင်ငံ့ဝန်ထမ်း၊ပြည်သူ့ဝန်ထမ်းများသာမက ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးက အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးက အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဗီဒီယိုပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို လည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပန်းချီပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမဆုရရှိခဲ့သည့် ဗီဒီယိုများကို ပြသပြီး ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှုဆောင်ချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တစ်နှစ်တာဆောင်ရွက်မှု Video Clip ကို ကြည့်ရှုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ဖြောင့်မတ်တည်ကြည်မှု၊ စုံစမ်းစစ်ဆေးခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် စာအုပ်များကို လှည့်လည်ကြည့်ရှုကြသည်။

ယခုနှစ် ၂၂ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို “ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကို ဖော်ဆောင်ဖို့အဂတိတိုက်ဖျက်၊ လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့” (Uniting with Youth against Corruption: Shaping Tomorrow’s Integrity) ဦးတည်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ(၃/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့မြန်မာ-ထိုင်းနယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကော်မတီဝင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဦးစွာ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ခြောက်သွေ့ရာသီဖြစ်သော နှစ်စဉ် ဇန်နဝါရီလမှ မေလအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုများဖြစ်ပေါ်လေ့ရှိပြီး နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများအကြား မကြာခဏကြုံတွေ့ရလေ့ရှိသဖြင့် ပွင့်လင်းရာသီမရောက်မီ ထိန်းချုပ်လျှော့ချရေးလုပ်ငန်းစဉ်များကို အလေးထားပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Fire Hotspot ဖြစ်ပေါ်မှုအရေအတွက်၊ သိပ်သည်းဆပေါ်မူတည်၍ ဦးစားပေးဒေသများသတ်မှတ်ပြီး ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း အစား ကုန်းမြင့်လယ်ယာစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမှမြေဩဇာပြုလုပ်ခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင်အသုံးပြုမှုကို တားဆီးခြင်း၊ ဒေသခံပြည်သူများကို အသိပညာပေးခြင်း၊ Fire Hotspot ဖြစ်ပေါ်မှုအခြေအနေအား စောင့်ကြည့်လေ့လာခြင်း၊ ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်အစီအမံများချမှတ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည့်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

၂၀၂၅ ခုနှစ်အတွင်း မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ အဓိကမီးလောင်မှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများအနေဖြင့် အများစုမှာ တောင်ယာခုတ်ထွင်ရှင်းလင်းရန် မီးရှို့မှု၊ ရိုးပြတ်များမီးရှို့မှုနှင့် တောမီးလောင်ကျွမ်းမှုတို့ကြောင့်ဖြစ်ပါကြောင်း၊ အဆိုပါဒေသများတွင် မီးလောင်ကျွမ်းမှု ထပ်မံဖြစ်ပေါ်မှုမရှိစေရေးအတွက် တောင်ယာမီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းများ ဆောင်ရွက်ခြင်းမပြုစေရေး ကြိုတင်အသိပညာပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ(၂) ဒုတိယဝန်ကြီးက တောမီးလောင်ကျွမ်းမှုကြောင့်ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုသည် ဂေဟစနစ်နှင့် လူသားများ၏ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရန် လိုအပ်သည့်အပြင် တောမီးလောင်ကျွမ်းမှုကြောင့် အကျိုးသက်ရောက်မှု တစ်ခုဖြစ်သည့် နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုသည် သိသာထင်ရှားသည့် ဆိုးကျိုးတစ်ခုဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင်သာမက တစ်နိုင်ငံ လုံးအတိုင်းအတာဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူးက ကော်မတီ၏ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေ၊ မြန်မာနိုင်ငံအတွင်း Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက ကော်မတီ၏လုပ်ငန်းများဆောင်ရွက်နေမှုကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

စည်းကမ်းကောင်းမွန်ပြီး ဒီမိုကရေစီပြည့်ဝတဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်များလိုအပ်ပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ရာမှာ အဂတိလိုက်စားမှုကင်းစင်ဖို့လိုအပ်ပြီး အဂတိလိုက်စားမှုဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးအတွက် အဟန့်အတားဖြစ်စေပါတယ်။ ဒါ့ကြောင့် အဂတိကင်းပြီး ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ် တည်ဆောက်နိုင်မှသာ နိုင်ငံတော်ဟာ ဘက်ပေါင်းစုံမှာ ဖွံ့ဖြိုးတိုးတက်လာပြီး အများပြည်သူရဲ့ လူမှုဘဝတွေဟာလဲ မျှမျှတတနဲ့ သာယာဝပြောလာမှာဖြစ်ပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရေတို၊ ရေရှည်လုပ်ငန်းစီမံချက်တွေ ချမှတ်ဆောင်ရွက်ဖို့လိုအပ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးကလဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပြတ်ပြတ်သားသားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းဟာ အဂတိလိုက်စားမှုကို ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ခြင်းဖြစ်သလို အဂတိလိုက်စားမှုအပေါ် သည်းခံခွင့်လွှတ်ခြင်း၊ နားလည်မှုပေးခြင်း၊ လျစ်လျူရှုခြင်းတို့ဟာ အားပေးရာရောက်တဲ့အတွက် လုံးဝမပြုလုပ်ကြဖို့ လိုအပ်ပါတယ်။

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းက သတ်မှတ်ထားတဲ့ ယခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဦးတည်ချက်ကတော့ **"ဖြောင့်မတ်တည်ကြည်သော အနာဂတ်ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်၊ လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"** ဖြစ်ပါတယ်။ အဲ့ဒီလို ဦးတည်ချက်နဲ့အညီ ကော်မရှင်အနေနဲ့ အနာဂတ်အတွက် အရေးပါတဲ့လူငယ်တွေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းနဲ့ လူငယ်စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားပြီး အဂတိကင်းတဲ့ လူ့ဘောင်ဖြစ်လာအောင် စီစဉ်ဆောင်ရွက်သွားဖို့လိုအပ်ကြောင်း အသိပေးမှာကြားလိုပါတယ်။

ဖြောင့်မတ်တည်ကြည်မှုရှိခြင်းဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အဆောက်အအုံရဲ့ အရေးကြီးတဲ့ မဏ္ဍိုင်တစ်ရပ်ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးဦး၊ လူ့အဖွဲ့အစည်းတစ်ရပ်ရပ်ရဲ့ စီးပွားရေးနဲ့ လူမှုရေးမှာ ယုံကြည်စိတ်ချရမှုနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေး၊ ကိုယ်စိတ်နှစ်ပါးချမ်းသာရေးနဲ့သာယာဝပြောရေးတို့အတွက် ဖြောင့်မတ်တည်ကြည်မှုဟာ မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကို ထိရောက်မှုရှိစေဖို့အတွက် ဖြောင့်မတ်တည်ကြည်စွာ ဆောင်ရွက်မှုတွေကို အုပ်ချုပ်ရေးအပိုင်းမှာသာမက ဥပဒေပြုရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲ့ဒီလိုလုပ်ဆောင်ချက်တွေကို အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းတွေမှာသာမက လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ ပုဂ္ဂလိက ကဏ္ဍကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လဲ လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံတော်နဲ့ အများပြည်သူရဲ့ အကျိုးစီးပွားကို ကောင်းမြတ်တဲ့ စိတ်စေတနာ၊ ဖြောင့်မတ်တည်ကြည်တဲ့ ကိုယ်ကျင့်တရားတို့နဲ့ ဆောင်ရွက်သွားစေနိုင်မှာဖြစ်ပါတယ်။

အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်လာရေးအတွက် ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေလျော့ပါးသွားအောင် အဂတိလိုက်စားမှုဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေးတိုက်ဖျက်ရမှာဖြစ်သလို နောင်အနာဂတ်မှာ ပပျောက်သွားတဲ့ထိ လိုအပ်တဲ့ ပြင်ဆင်မှု၊ စီမံမှု၊ ဆောင်ရွက်မှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လဲ လိုပါတယ်။

အထူးအားဖြင့် အဂတိလိုက်စားမှုတွေဟာ ဘယ်လိုအကြောင်းအချက်တွေကြောင့် ဖြစ်ပေါ်လာရတာလဲဆိုတဲ့ အဂတိလိုက်စားမှုကို လက်ယပ်ခေါ်နေတဲ့ အခြေခံအရင်းအမြစ်တွေမှန်သမျှ ဖယ်ထုတ်နိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ အဲ့ဒီလို ကြိုးစားတဲ့အခါမှာ ကိုင်တွယ်အသုံးပြုသူတွေက လိုအပ်သလို ဆွဲယူအသုံးချနိုင်တဲ့ ရှုပ်ထွေးပြီး လူအများနားလည်ရခက်ခဲတဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကို အများပြည်သူ လွယ်ကူရှင်းလင်းစွာ သိရှိနားလည်နိုင်တဲ့ ဖော်ပြချက်တွေနဲ့ ပြုပြင်ဖို့ကိစ္စရပ်တွေလဲ ပါဝင်လာမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်တွေ ရေးဆွဲရာမှာ ထည့်သွင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

မိမိတို့အစိုးရအနေနဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"** ဆိုတဲ့ အမျိုးသားရေးရည်မှန်းချက်နဲ့ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** ဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီအနေနဲ့ **"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** ဦးတည်ချက်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ဖို့အတွက် လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ဖို့၊ ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံးမဲပေးခွင့်ရရှိဖို့၊ လွတ်လပ်ပြီးတရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းစဉ်တွေမှာ ကျရာအခန်းကဏ္ဍက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုပါတယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေမှာ ဖြစ်ပွားတတ်တဲ့ ရွေးကောက်ပွဲဆိုင်ရာ မလျော်ကန်တဲ့ လုပ်ရပ်များနဲ့ ဥပဒေနဲ့ဆန့်ကျင်တဲ့ အပြုအမူများရှောင်ရှားပြီး အဂတိတရားကင်းရှင်းစွာနဲ့ သမာသမတ်ကျကျ၊ တရားမျှတပြီး လွတ်လပ်တဲ့၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲဖြစ်စေဖို့ တာဝန်ရှိသူများနဲ့ ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လဲ မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ **အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနဲ့ အကျင့်ပျက်ခြစားမှုတွေ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ အသိပညာပေးရေးနဲ့ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တွေကိုပါ ဟန်ချက်ညီညီ ချဉ်းကပ်ပြီး အလေးထားဆောင်ရွက်သွားရမှာဖြစ်**ပါတယ်။ ဒါ့ပြင် နိုင်ငံတော်က ချမှတ်ထားတဲ့ ဦးတည်ချက်များကို သွေဖည်၍ အဂတိလိုက်စားမှုကျူးလွန်သည့် မည်သူ့ကိုမဆို ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနဲ့အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့စပ်လျဉ်းတဲ့ အသိပညာတွေတိုးပွားလာစေရေး၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိတဲ့ လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးတို့ကို အကောင်အထည်ဖော်ကြဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အများအကျိုးဆောင်ရွက်ခြင်းနဲ့ ကိုယ်ကျိုးရှာခြင်းတို့အကြား မှန်ကန်စွာ ခွဲခြားနိုင်စေရေးနဲ့ အကျင့်ပျက်ခြစားမှုတွေ မရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနဲ့ ပြည်သူလူထုအားလုံးက ပူးပေါင်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ ပြောကြားရင်း ၂၂ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနဲ့ အကျင့်ပျက်ခြစားမှုတွေမရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ အသိပညာပေးရေးနဲ့ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တွေကိုပါ ဟန်ချက်ညီညီ ချဉ်းကပ်ပြီး အလေးထား ဆောင်ရွက်သွားရမှာဖြစ် . . .**

# အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။



အစည်းအဝေးတွင် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ လုပ်ငန်းတာဝန်တွင် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးမှုကို ရေးရှုသော ရေတိုရေရှည်မဟာဗျူဟာနှင့် နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ထိန်းကျောင်းလမ်းညွှန်မှုပြုရန် ဖော်ပြထားရှိရာ ကောင်စီအဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နိုင်မည့်လုပ်ငန်းစီမံချက်များကို ပြင်ဆင်ရေးဆွဲထားသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ နှင့် လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲကြရန် လိုအပ်ကြောင်း၊

ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင်သော ပို့ကုန်များ ပိုမိုတင်ပို့နိုင်ခြင်းသည် ထုတ်ကုန်ထုတ်လုပ်သော နိုင်ငံသားတို့၏ စွမ်းဆောင်ရည်မြင့်တက်လာခြင်းကြောင့် ဖြစ်၍ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ ကုန်ထုတ်လုပ်သည့် စက်ယန္တရားများ ကောင်းမွန်ရေးနှင့် ထုတ်လုပ်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် နိုင်ငံတော်က ချေးငွေများပေးအပ်ခြင်း၊ စက်ယန္တရားများ တင်သွင်းခွင့်ပြုခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်အောင် စီမံခြင်းတို့ကို ကွင်းဆက်လုပ်ငန်းစဉ် တစ်ခုအနေဖြင့်စီမံပေးလျက်ရှိကြောင်း၊ ကောင်စီအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များအပေါ် ကဏ္ဍအလိုက် ချိတ်ဆက်မိအောင် ပံ့ပိုးပေးကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူးက ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီအဖွဲ့ဝင်များ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်းသည့် တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကျင်းပ





တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲ အကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်နှင့် ကော်မတီဝင် မြန်မာ့တပ်မတော်မှ အရာရှိကြီးများ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikovနှင့်ကော်မတီဝင် ရုရှားတပ်မတော်မှအရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တတိယအကြိမ် မြန်မာ-ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီ ပူးတွဲဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်က ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးလှိုက်လှဲစွာကြိုဆိုခဲ့ပြီး နှစ်နိုင်ငံပူးတွဲ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေး အပြန်အလှန် အလှည့်ကျကျင်းပပြုလုပ်သွားခြင်းဖြင့် တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေး ကဏ္ဍတွင် သတင်းအချက်အလက် စီးဆင်းမှုကို လျင်မြန်စွာ ဆောင်ရွက်နိုင်လာခြင်း၊ နည်းပညာဆိုင်ရာကိစ္စရပ်များ ပိုမိုပူးပေါင်းလုပ်ဆောင်လာနိုင်ခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လေ့ကျင့်ခန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းအပြင် ပုံသဏ္ဌာန်ပြောင်းလဲလာသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အပြန်အလှန်အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တတိယအကြိမ် မြန်မာ-ရုရှား အကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikovက ရုရှား-မြန်မာနှစ်နိုင်ငံအကြား ဒေသတွင်း တည်ငြိမ်အေးချမ်းမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနယ်ပယ်တွင် တုံ့ပြန်မှုများလျင်မြန်စွာ ပြုလုပ်နိုင်ရေးဆိုင်ရာ နည်းလမ်းများကို သတ်မှတ်ခေါင်းစဉ်များအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် နှစ်နိုင်ငံပူးတွဲ ကော်မတီဥက္ကဋ္ဌများက ပြန်လည်သုံးသပ်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**○ ကျန်းမာရေးစောင့်ရှောက်မှု**

ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာရှိ တိုက်နယ်ဆေးရုံ၌ အခြေပြု၍ အဆိုပါမြို့နယ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ဦးရေ ၁၅၀၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊သားဖွားမီးယပ်ရောဂါ ၂၅ ဦး၊ ကလေးရောဂါ ၁၃ ဦး၊ အရိုးရောဂါ ဦးရေ ၁၂၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၄၀၊ မျက်စိရောဂါ ၁၃၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၄ ဦး စုစုပေါင်း ဒေသခံပြည်သူ ၅၃၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ သုံးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်မနာမည်က ဒေါ်သင်းသင်းခိုင်ပါ။ မျက်စိကအကြည့်အပြု အနေအထိုင်မကောင်းလို့ လာပြီးတော့ အခုတပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့တွေလာလို့ လာပြတာပါ။ အရင်တုန်းက မျက်လုံးတစ်ဖက်ခွဲဖူးပါတယ်။ ခွဲစိတ်ခန်းထဲမှာ မျက်စိကို အောက်ကိုစိုက်ပြီးတော့ ကြည့်ပါလို့ပြောတာ ကိုယ်ကကြည့်တော့ကြည့်တယ်။ ပုံမှန်အနေအထားကကြည့်ပြီးတော့ မမှန်ဘူးဖြစ်နေတယ် ကြည့်လိုက်မကြည့်လိုက် အဲ့ဒီလိုတွေဖြစ်ပြီးတော့ ရင်ထဲမှာလှပ်လှပ် လှပ်လှပ်နဲ့တုန်နေတာကြောက်ပြီးတော့ နှလုံးတွေတအားခုန်ပြီး ကြောက်နေတယ်။ ဘာမှမဖြစ်ဘူးတဲ့။ ဒီနှစ်ရက် သုံးရက်ဆို ကောင်းမယ်ဆိုတော့ ဝမ်းသာတာပေါ့။ ကိုယ့်မှာ ငွေကြေးပမာဏ မတတ်နိုင်တဲ့အတွက် အခုတပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ လာရောက်ပြီး တကူးတကကြီး တစ်မြို့နဲ့တစ်မြို့လာပြီးတော့ ခွဲပေးတယ်ဆိုတော့ ကိုယ်ကအထူးကျေးဇူးတင်တာပေါ့နော်။ ကျေးဇူးတင်ပါတယ်။ ကိုယ့်မျက်စိတွေ ကောင်းသွားတဲ့အတွက် ဆရာ၊ ဆရာမတို့ကိုလဲ အမြဲတမ်း ဆုတောင်းပေးနေမှာပါ"ဟု ပြောသည်။





"ကျွန်မနာမည်က ဒေါ်မေဝန်းရီပါ။ ဒီမြင်းကကုန်းမှာပဲ တာဝန်ကျတဲ့ အလယ်တန်းပြ ဆရာမတစ်ဦးပါ။ ကျွန်မက အေးတဲ့အချိန်မှာ နှာခေါင်းပိတ်လာတဲ့အတွက်ကြောင့်မို့လို့ တပ်မတော်နယ်လှည့် ဆေးကုသအဖွဲ့ရှိတယ်ဆိုတာနဲ့ ကျွန်မတို့ ဒီကိုလာပြရခြင်းဖြစ်ပါတယ်။ ဗိုလ်ကြီးတွေက အရမ်းလဲသဘောကောင်းပါတယ်။ ပေးတဲ့ဆေးတွေကလဲ ဆရာမ ဒီဆေးက တအားဈေးလဲကြီးတယ်။ ဆေးအကောင်းလေးတွေ ပေးလိုက်တယ်။ သောက်ပါလို့လဲ ဂရုတစိုက်နဲ့ လုပ်ပေးပါတယ်။ ကျွန်မတို့ရွာထိလာပြီးတော့ တပ်မတော် နယ်လှည့်ဆေးကုသအဖွဲ့ လာကုသပေးတဲ့အတွက် အဝေးကြီးသွားစရာမလိုဘူး။ ဒီမျက်စိခွဲစိတ်တဲ့လူနာတွေဆိုလို့ရှိရင် အဝေးကြီးမသွားရဘူး။ ပိုက်ဆံတွေအများကြီး ကုန်ကျစရာမလိုဘဲနဲ့ ကိုယ့်ရွာမှာတင်ပဲ အကုန်လုံးအားလုံးပြည့်စုံအောင် ကုသပေးတာဖြစ်ပါတယ်။ ကျွန်မတို့ရွာကိုယ်စား ကျွန်မတို့ကျောင်းရော၊ ကျွန်မတို့ရွာရော၊ ပြည်သူလူထုအကုန်လုံးက တပ်မတော်နယ်လှည့်ဆေးကုသအဖွဲ့ကို နောက်တစ်ခေါက်လဲ လာရောက်ကုသပေးပါအုံးလို့ ကြိုဆိုလျက်ပါလို့ ပြောချင်ပါတယ်။ အထူးလဲ ကျေးဇူးတင်ရှိပါတယ်"ဟုပြောသည်။ (၅၀၁)



**☆ ကျောဖုံးမှအဆက်**

ထို့နောက် ထိုင်းနိုင်ငံတော်သီချင်း သီဆိုကြပြီး ထိုင်းနိုင်ငံအလံနှင့် ဆီးဂိမ်းပြိုင်ပွဲအလံတို့ကိုတင်ခဲ့ပြီးနောက် ထိုင်းနိုင်ငံမှ အားကစားသမား နှစ်ဦးက အားကစားအဓိဋ္ဌာန်ရွတ်ဆိုခဲ့ကြသည်။

ဆက်လက်ပြီး ဆီးဂိမ်းပြိုင်ပွဲအထိမ်းအမှတ်မီးရှူးတိုင်ကို ထွန်းညှိရန်အတွက် ထိုင်းနိုင်ငံမှ အားကစားသမားဟောင်းများက မီးရှူးတိုင်ကို အဆင့်ဆင့်သယ်ဆောင်ကာ ဆီးဂိမ်းပြိုင်ပွဲအထိမ်းအမှတ်မီးရှူးတိုင်တွင် ထွန်းညှိကြသည်။

ယင်းနောက် ထိုင်းဘုရင် Vajira Longkorn ပြန်လည်ထွက်ခွာခဲ့ပြီးနောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ယနေ့မှစတင်ပြီး ဒီဇင်ဘာ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ကာ အားကစားနည်းအမျိုးအစား ၅၀ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး အာဆီယံဒေသတွင်းနိုင်ငံများမှ အားကစားသမား စုစုပေါင်း ၉၃၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲကို နှစ်နှစ်လျှင် တစ်ကြိမ် အာဆီယံဒေသတွင်းနိုင်ငံအလိုက် ကျင်းပလျက်ရှိကြောင်း သိရသည်။ STA

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၉**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်၍ လုပ်ငန်းအဖွဲ့ဝင်များဖြင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များနှင့် တိုးတက်မှုအစီရင်ခံစာမူကြမ်း စိစစ်ရေးသားရေးအဖွဲ့ဝင်များဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကော်မရှင်အဖွဲ့ရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် (ဥပဒေရေးရာနှင့် မှုခင်းဌာနကြီး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မှုခင်းရဲတပ်ဖွဲ့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းအဖွဲ့၏ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ၁၆ ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် အာရှပစိဖိတ်ဒေသပူးတွဲအဖွဲ့(APJG)မှ အကဲဖြတ်သူများ၏ ထပ်မံမေးမြန်းအကြံပြုချက်များကို ထိရောက်မှန်ကန်စွာ ပြန်လည်ရှင်းလင်းဖြေကြားနိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် ထပ်မံဖြည့်စွက်ဖြေကြားရမည့် အချက်အလက်များကိုလည်းကောင်း၊ APJG မျက်နှာချင်းဆိုင်အစည်းအဝေးတက်ရောက်ရာတွင် ကြိုတင်ပြင်ဆင်ရန် လိုအပ်သည့်အချက်များကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ထိုင်းနိုင်ငံ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးရုံးမှ သင်တန်းနှင့် နည်းပညာအကူအညီပေးအပ်မည့်ကိစ္စနှင့် စပ်လျဉ်း၍ စီစဉ်ထားရှိရမည့်အချက်များကို မှာကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက APJG မှ အကဲဖြတ်သူများက ထောက်ပြမေးမြန်းချက်များအပေါ် မိမိတို့အနေဖြင့် ဆုံးရှုံးနိုင်ခြေများကို ကောင်းမွန်စွာသိရှိနားလည်ကြောင်းပြသပြီး သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ပြည့်ပြည့်စုံစုံဖြင့် ရှင်းလင်းတင်ပြ ဖြေဆိုသွားမည်ဖြစ်ပါကြောင်းနှင့် ထည့်သွင်းစဉ်းစားရမည့် အချက်များကိုလည်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့အတွင်းရေးမှူးကိုယ်စား ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ရဲမှူးကြီးမြင့်စိုးက ၁၆ ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် ထပ်မံမေးမြန်းလာသည့် မေးခွန်းများကို အသေးစိတ် ရှင်းလင်းတင်ပြပြီး ပြန်လည်ဖြေဆိုနိုင်ရေးအတွက် တိုးတက်မှုအစီရင်ခံစာမူကြမ်း စိစစ်ရေးသားရေးအဖွဲ့မှ ပြင်ဆင်ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြရာ အစည်းအဝေးတက်ရောက်လာသူများက ပံ့ပိုးပေးမည့်အချက်အလက်များ၊ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ**“ကြိုတင်မြော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် နွေးထွေးတဲ့ကမ်းလင့်ချက်”** ခေါင်းစဉ်ဖြင့် ၁၀-၁၂-၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၇-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“ရွေးကောက်ပွဲမကျင်းပနိုင်ရေး နှောင့်ယှက်ဖျက်ဆီးရုံမက အကြမ်းဖက်ဝါဒစွဲကိုင်ပြီး ဒလန်ခေါင်းစဉ်တပ် ဖျက်ဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။


( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။




# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၁၇/၂၀၂၅) ထုတ်ပြန်

၁။ လူသားအားလုံး၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ လုံခြုံခွင့် စသည့် အခြေခံအခွင့်အရေးများပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ယင်းနေ့ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့တွင် ၇၇ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှ မြစ်ဖျားခံလာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် လူသားအားလုံးအတွက် အဓိကအကျဆုံးကြေညာစာတမ်းဖြစ်ပါသည်။ လူသားများ၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိမှုကို အသိအမှတ်ပြုထားသော ယင်းကြေညာစာတမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံ၌ မဲခွဲရာတွင် မြန်မာနိုင်ငံက ပါဝင်ထောက်ခံမဲပေးခဲ့ရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင်လည်း ကြေညာစာတမ်းပါအခွင့်အရေးများကို ထင်ဟပ်ပြဋ္ဌာန်းထားပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အခြေပြု၍ ပေါ်ပေါက်လာသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေများကို အလေးထားသည့်အနေဖြင့် မြန်မာနိုင်ငံကလည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ် လေးခုနှင့် နောက်ဆက်တွဲစာချုပ် နှစ်ခုတွင် ပါဝင်ချုပ်ဆိုထားပါသည်။ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်(UPR)တွင်လည်း မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပပြုလုပ်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF)၏ နှစ်ပတ်လည်အစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်ခဲ့ပါသည်။ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်းတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့်စပ်လျဉ်းသော ကိုးကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့် လက်တွေ့အသုံးချညီလာခံသို့လည်း ကိုယ်တိုင်ပါဝင်တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့အကြား လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးကဏ္ဍများတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ(Memorandum of Cooperation)ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ပြင် အခြားနိုင်ငံတကာ အစည်းအဝေးများသို့ Online Platform မှ ၁၂ ကြိမ်တက်ရောက်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၅ ခုနှစ်အတွင်း လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးဆောင်ရွက်ချက်များအနေဖြင့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေးအသိပညာပေးရှင်းလင်းဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချခြင်းများ ပြုလုပ်ခဲ့ပြီး သင်တန်းသားပေါင်း ဦးရေ ၇၂၉၀ ကို အသိပညာမျှဝေပေးခဲ့ပါသည်။ ကော်မရှင်၏ဥပဒေဆိုင်ရာဆောင်ရွက်ချက်အနေဖြင့် အဆိုပြုဥပဒေကြမ်း ငါးခုအပေါ် လူ့အခွင့်အရေးဆိုင်ရာ အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(CRPD)နှင့် နောက်ဆက်တွဲစာချုပ်(CRPD-OP)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (CEDAW- OP) တို့ကို ဘာသာပြန်ဆိုပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် **"မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်"** အကြောင်း သရုပ်ဖော်ပုံစာအုပ်ကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ရုရှားဘာသာတို့ဖြင့် ဘာသာပြန်ဆိုပုံနှိပ်၍ ပြည်တွင်းသာမက နိုင်ငံတကာအစည်းအဝေးများတွင်လည်း ဖြန့်ဝေခဲ့ပါသည်။

၆။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်း၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာနှင့် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၊ လူငယ်သင်တန်းကျောင်းများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကြည့်ရှုစစ်ဆေးရာတွင် ခွဲခြားဆက်ဆံမှု မရှိစေရေး၊ ဘာသာအလိုက် ကိုးကွယ်ခွင့်၊ သင့်တင့်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့်၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိခွင့်၊ နိုင်ငံတော်က တရားဝင်ခွင့်ပြုထားသော အခွင့်အရေးနှင့် အထောက်အပံ့များကို သတ်မှတ်ချက်နှင့်အညီ ရရှိခွင့် စသည့်အခြေခံအခွင့်အရေးများ ရရှိခြင်းရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့လျက်ရှိပါသည်။ ကော်မရှင်၏ အကြံပြုချက်များကို သက်ဆိုင်ရာဌာနအသီးသီးကလည်း ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဥပဒေကပေးအပ်ထားသော နိုင်ငံသားတစ်ဦး၏ အခွင့်အရေးရရှိစေရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးတို့အတွက် ကော်မရှင်က စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ ၇၇ နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂက ချမှတ်ထားသည့်ဆောင်ပုဒ်မှာ "Our Everyday Essentials" ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံးကလည်း နေ့စဉ်ဘဝတွင် မရှိမဖြစ်လိုအပ်သည့် လူ့အခွင့်အရေးများကို လေးစားလိုက်နာကြပါရန် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခါသမယတွင် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

# ပြင်ဦးလွင်မြို့နယ်တွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့သယ်ဆောင်မည့် ငွေကျပ် ၁၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၈၅ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာအနီး၌ ဝေလင်းထွန်းမောင်းနှင်ပြီး အောင်သူဖြိုးနှင့် ပြည့်ဖြိုးဟိန်း(ခ)ဖက်တီးတို့ လိုက်ပါလာသော ALPHARD မော်တော်ယာဉ်ကို သတင်းအရ ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၂၃ ဒသမ ၉ သိန်းကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့နံနက် ၉ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ခြေမြစ်ပင်ကျေးရွာအနီး ချုံအတွင်းမှ ဆာလာအိတ်များဖြင့်ထည့်ထားသည့် စိတ်ကြွဆေးပြား ၆၂ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းစိတ်ကြွဆေးပြား ၈၅ ဒသမ ၉ သိန်း(၎င်းဒေသတန်ဖိုးငွေကျပ် ၁၂ ဒသမ ၈၈၅ ဘီလီယံ)ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်မိုးထွန်းအား ဒီဇင်ဘာ ၁ ရက် ည ၁၀ နာရီတွင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက်ရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့်အတူ ပူးပေါင်းပါဝင်သူများမှာ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့နေ ကျော်ကျော် (ဖမ်းဆီးရန်ကျန်)၊ ဟိန်းစည်သူ (ဖမ်းဆီးရန်ကျန်)နှင့် ရွှေတောင်မြို့နေ ကျော်မောင်မောင်လှိုင်(ခ)ကိုချို (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ပြီး ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)




ဖမ်းဆီးရမိသူများကို မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။


ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ပတ္တမြားခင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်နေ မြင့်မြင့်စန်းအား ညနေ ၅ နာရီ ၅ မိနစ်တွင် ချမ်းအေးသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ဆောင်ရာတွင်အသုံးပြုသည့် အဆောက်အအုံများ ထပ်မံတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများ အတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်းရှိ K K Park အပိုင်း (၃) နယ်မြေ ဖောက်ခွဲဖျက်ဆီးခဲ့မှု









KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့်ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။





KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

ရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါနယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် နိုင်ငံ ခြောက်နိုင်ငံမှ တရားမဝင်ပြည်ပနိုင်ငံသား ၁၂၃ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင်ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့ထိ ရှာဖွေစစ်ဆေးခဲ့သည့် အဆောက်အအုံ ၁၂၁ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံးကို စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါအဆောက်အအုံများအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၇၀၈ လုံးကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ



မြဝတီမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ရှာဖွေစစ်ဆေးနေမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းနေမှုကို တွေ့ရစဉ်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ရှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၅၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေ

အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၉

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံး လှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၀) ရပ်ကွက်နေ ကျော်မင်းဦး ၄၁ နှစ်သည် ၎င်းအသုံးပြုသည့် "Kyaw Min Oo" Facebook အကောင့်ဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက် စာမျက်နှာ၌ Live လွှင့်ပြောကြားခဲ့သဖြင့် ဖော်ထုတ်ဖမ်းဆီးပြီး ကျော်မင်းဦးအား ဒီဇင်ဘာ ၂ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းက (ပ)၆၄၃/၂၀၂၅ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

အလားတူ ဒီဇင်ဘာ ၄ ရက်တွင် ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အစုကြီး ကျေးရွာဘုရားလမ်းထိပ်၌ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်ကို အဆိုပါ ကျေးရွာနေ သန်းကြိုင်စိုး(ခ)ကိုပု ၃၉ နှစ်က ဖျက်ဆီးခဲ့သဖြင့် သန်းကြိုင်စိုး(ခ)ကိုပုအား ဒီဇင်ဘာ ၅ ရက်တွင် တက်သစ် နယ်မြေရဲစခန်းက (ပ)၈၅/၂၀၂၅ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း၊

ထို့အတူ ဒီဇင်ဘာ ၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် သုမေ့ လမ်းမကြီးနှင့် ဥဇ္ဇနာလမ်းထောင့်၌ တစ်သီးပုဂ္ဂလပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ် ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူကို စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါရပ်ကွက်နေ အောင်မျိုးဇော် (ခ) မျောက်ကြီး ၃၅ နှစ် ဖြစ်ကြောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းကို ဒီဇင်ဘာ ၅ ရက်တွင် မြောက်ဥက္ကလာပမြို့မရဲစခန်းက (ပ)၄၄၈/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက် ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီခွဲတွင် ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်မြိုင် ၅၉ နှစ်သည် နေအိမ်၌ရှိနေစဉ် KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ဝင် သုံးဦးက ဆိုင်ကယ် နှစ်စီးဖြင့် ရောက်ရှိလာပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန် ခြိမ်းခြောက် တားမြစ်ခဲ့သဖြင့် ၎င်းသောင်းကျန်းသူ (စိစစ်ဆဲ) သုံးဦးကို ဒီဇင်ဘာ ၁ ရက်တွင် ရွှေကူမြို့မရဲစခန်းက (ပ)၁၁/၂၀၂၅ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း၊

ထို့အတူ နိုဝင်ဘာ ၃၀ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများကို "Thandar Oo" Facebook အကောင့်မှ ပြန်လည်မျှဝေလွှင့်တင်ထားသည်ကို တွေ့ရှိရသဖြင့် ၎င်းအကောင့်ပိုင်ရှင်ကို စိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နေ ဒေါ်သန္တာဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းကို နိုဝင်ဘာ၃၀ရက်တွင် တာမွေမြို့မရဲစခန်းက (ပ)၃၄၆/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၂၅ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ကံသာရပ်ကွက် တိန်နန်းတံတားအနီး၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ် စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)ကို ဒီဇင်ဘာ ၃ ရက်တွင် ညောင်ရွှေမြို့မရဲစခန်းက (ပ)၁၁၄/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း၊

ထို့အတူ နိုဝင်ဘာ ၂၇ ရက်တွင် ပဲခူး တိုင်းဒေသကြီး နတ်တလင်းမြို့နယ် အောင်ပင်သာကျေးရွာ ပေါင်းတည်-တာပွန် သွားကားလမ်းဘေး၌ ပြည်ခိုင်ဖြိုး ပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး အဖြစ် စိုက်ထူထားသည့်ဆိုင်းဘုတ် မီးရှို့ ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ကျူးလွန်သူကို စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါကျေးရွာနေ မင်းဇော်သိန်း ၄၂ နှစ်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းကို တာပွန်နယ်မြေရဲစခန်းက (ပ)၈၁/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(ခ)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၂၇ ရက် ည ၁၁ နာရီ ၅ မိနစ်တွင် ကချင်ပြည်နယ် ဟိုပင်မြို့ ခနစ်မိုင်ကျေးရွာနေ ရပ်/ကျေးစာရေး ဒေါ်မိုးမိုးအောင်(ခ)မမိုး ၆၁ နှစ်သည် နေအိမ်၌ရှိနေစဉ် သေနတ်ကိုင်ဆောင်ထားသူ အမျိုးသား လေးဦး(စိစစ်ဆဲ) ရောက်ရှိလာပြီး မဲစာရင်းစာရွက်ထုပ်ကို ခြိမ်းခြောက် တောင်းယူ၍ ဖမ်းဆီးခေါ်ဆောင်သွားကာ တောတွင်းအရောက်၌ မဲစာရွက်များကို မီးရှို့ ဖျက်ဆီးပြီး ၎င်းကို ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ မပြုလုပ်ရန် ခြိမ်းခြောက် ပြောဆိုခဲ့သဖြင့် အဆိုပါအမျိုးသား လေးဦး (စိစစ်ဆဲ)ကို ဒီဇင်ဘာ ၇ ရက်တွင် ဟိုပင် နယ်မြေရဲစခန်းက (ပ)၄၀/၂၀၂၅ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း၊

ထို့အတူ နိုဝင်ဘာ ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက် လမ်း ၃၀ နှင့် ၇၁ လမ်းထောင့်၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)ကို နိုဝင်ဘာ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းက (ပ) ၁၉၅/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေး ရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၃၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လွှဓာကျေးရွာ ရွာလယ်လမ်းဆုံ၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ် စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)ကို ဒီဇင်ဘာ ၁ ရက်တွင် ပြင်စလူနယ်မြေရဲစခန်းက (ပ)၅၂/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း၊

ထို့အတူ နိုဝင်ဘာ ၃၀ ရက်တွင် ကရင် ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တခွက်ဖိုး ကျေးရွာ ရွာလယ်ဘုန်းကြီးကျောင်းအနီး ဘားအံ-မြိုင်ကြီးငူသွား ကားလမ်းဘေး၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ် စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)ကို ဒီဇင်ဘာ ၂ ရက်တွင် ရွှေဂွန်းနယ်မြေရဲစခန်းက (ပ)၅/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း၊

အလားတူ ဒီဇင်ဘာ ၂ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများကို "ထိန်လင်း" Facebook အကောင့်က ပြန်လည်မျှဝေလွှင့်တင်ထားသည်ကို တွေ့ရှိရသဖြင့် ၎င်းအကောင့်ပိုင်ရှင်ကို စိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင် မြို့နယ် အမှတ်(၆)ရပ်ကွက်နေ ထိန်လင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းကို ဒီဇင်ဘာ ၂ ရက်တွင် ဗိုလ်တထောင်မြို့မရဲစခန်းက (ပ)၆၉၉/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း၊

ထို့အတူ ဒီဇင်ဘာ ၃ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံ အနောက်ရပ်ကွက် ၂၉ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား၌ ဆန့်ကျင်စာများ ကြဲချခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တေဇာဆန်း၊ ခန့်ဝေဖြိုး၊ နန်းလင်း၊ ထက်မြတ်အောင်၊ မေချီ (ခ) ချီချီ၊ မဇ္ဈန်း (ခ) ရွှန်းရွှန်းနှင့် အမျိုးသား လေးဦး(စိစစ်ဆဲ) တို့သည် ၂၉ လမ်းအတိုင်း ဆိုင်ကယ် ငါးစီးဖြင့် ရောက်ရှိလာပြီး ၂၉ လမ်းနှင့် ၈၄ လမ်း ထောင့်အရောက်၌ ၈၄ လမ်းနှင့် ၈၅ လမ်း ကြားတွင် လမ်းလျှောက်သွားကာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် အော်ဟစ်ကာ ရွေးကောက်ပွဲကို ဆန့်ကျင် ရေးသားထားသည့် စာရွက်များကို ကြဲချခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တေဇာဆန်း ပါ ၁၀ ဦးတို့ကို ဒီဇင်ဘာ ၃ ရက်တွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၆) နယ်မြေ ရဲစခန်းက (ပ)၇၆/၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေး ရေးဥပဒေပုဒ်မ ၂၃(ခ)ဖြင့်လည်းကောင်း၊

အလားတူ ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန် တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် ကုန်သည်လမ်းနှင့် ၂၉ လမ်းထောင့်၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)ကို ဒီဇင်ဘာ ၇ ရက်တွင် ပန်းဘဲတန်းမြို့မ ရဲစခန်းက (ပ)၁၀၇/၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း၊

ထို့အတူ ဒီဇင်ဘာ ၅ ရက်တွင် ရှမ်း ပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အင်းခေါင်းကျေးရွာ၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)ကို ဒီဇင်ဘာ ၅ ရက်တွင် ဟဲဟိုးနယ်မြေရဲစခန်းက (ပ)၆၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေး ရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာ ဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံး မြို့နယ်၊ ပင်းလောင်းမြို့နယ်၊ ဆီဆိုင် မြို့နယ်တို့၌ ဒီဇင်ဘာ ၈ ရက်က ဘိန်းစိုက်ခင်း ၇၇ ဧကခန့်ကို ဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒီဇင်ဘာ ၈ ရက် နံနက် ၈ နာရီ ၁၀ မိနစ်မှ ညနေ ၃ နာရီ ၅ မိနစ်ထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ပန်ကလား (ခ)ပန်ကုလားကျေးရွာ၏ အနောက် တောင်ဘက် တစ်မိုင်ခန့်အကွာ၌ စိုက်ပျိုးထားသော သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၀ ဧကခန့်ကိုလည်းကောင်း၊

အလားတူ နံနက် ၉ နာရီမှ ညနေ ၃ နာရီ ၁၀ မိနစ်ထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်း မြို့နယ် ပင်တလဲကျေးရွာ၏မြောက်ဘက် သုံးမိုင်ခန့်အကွာ၌ စိုက်ပျိုးထားသော သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၅၂ ဧကခန့်ကို လည်းကောင်း၊


ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီ မိနစ် ၅၀ ထိ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင် မြို့နယ် လုံးတားကျေးရွာ၏ အနောက် ဘက် တစ်မိုင်ခန့်အကွာ၌ စိုက်ပျိုးထားသော သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်ကိုလည်းကောင်း အသီးသီးဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်း ရရှိသည်။ (ရဲပြန်ကြား)



ဝတ္ထုတိုကဏ္ဍ

# ဖြတ်သန်းခြင်းတခဏ

## မနှင်းဖွေး



ဒေါ်အေးမူ လက်တားလိုက်ပြီး မရှေးမနှောင်းမှာပင် ညာဘက်ကားမီးကို အချက်ပြလင်းစေလျက် အငှားယာဉ်တက္ကစီတစ်စီး သူ့အနားသို့ ညင်သာစွာ တိုးကပ်ဆိုက်ရောက်လာသည်။

မှန်တံခါးရုတ်တရက်နိမ့်ကျသွားပြီး ပြုံးရွှင်သော မျက်နှာတစ်ခုနှင့်အတူ ရည်မွန်သော အသံတစ်သံကိုလည်း တစ်ဆက်တည်း ကြားလိုက်ရသည်။

"ဘယ်သွားမလဲ အန်တီ"

"ဆိပ်ကမ်းသာလမ်း အလယ်ဘလောက်ပါ"

"ဟုတ်ကဲ့၊ သုံးထောင်ပါ ခင်ဗျာ"

ဆစ်စရာမလိုအောင် ပုံမှန်ဈေးကို ဒက်ခနဲပြောသည့်အတွက် ဒေါ်အေးမူ ဘဝင်ကျသွားသည်။ ဒေါ်အေးမူက ရိုးရိုးအေးအေးသမားဖြစ်သည်။ ရိုးသားခြင်းကိုကြိုက်သည်။ မှန်ကန်ဖြောင့်မတ်ခြင်းကို နှစ်သက်သည်။ မည်သည့်အလုပ်ကိုမဆို ရိုးသားမှန်ကန်ဖြောင့်မတ်စွာ လုပ်ကိုင်စားသောက်သူကို လေးစားသည်။ သုံးထောင်တန်ခရီးကို လေးထောင်တောင်းသူမျိုးကို ဒေါ်အေးမူ မနှစ်မြို့။ ဈေးဆစ်ရတာက အလုပ်ပို၍ အချိန်ကုန်သည်။

ဒေါ်အေးမူ ဘာစကားမျှပြောမနေတော့ဘဲ နောက်ခန်းကားတံခါးကိုဖွင့်၍ ဝင်ထိုင်လိုက်သည်။ ကားအတွင်းရောက်တော့ ကားက အေးနေရုံမက မွှေးမြမြလေးဖြစ်နေသည့်အတွက်လည်း ဒေါ်အေးမူ စိတ်ကျေနပ်ရပြန်သည်။ လေအေးပေးစက်ကို ကောင်းမွန်အောင် ပြုပြင်တပ်ဆင်ထားခြင်း၊ အနံ့အသက်ကောင်းစေရန် လေသန့်ဆေးသုံးထားပေးခြင်းတို့က ခရီးသည်ကိုအလေးထားသည့် ဝန်ဆောင်မှုများပေပဲ မဟုတ်လား။

ဒေါ်အေးမူက အငြိမ်းစားအထက်တန်းပြကျောင်းဆရာမတစ်ဦးဖြစ်သည်။ အငြိမ်းစားယူပြီးနောက် မဖြစ်မနေသွားရမည့်ကိစ္စကလွဲ၍ အပြင်သိပ်မထွက်ဖြစ်တော့။

အသက်အရွယ်အရ ခြေထောက်လေး၊ ဒူးလေးကနာချင်ချင်မို့ ဘတ်စကားလည်း မတိုးနိုင်။ ကြာကြာမတ်တတ်ရပ်လို့ကလည်း မရ။

"အခု YBS အသစ်ကြီးတွေက အဲယားကွန်းနဲ့ ဘာနဲ့ သိပ်အဆင့်မြင့်တာပဲ"ဟု တူမတွေ၊ မြေးတွေပြောနေသံကြားသော်လည်း အခုချိန်ထိ YBS ဆိုသည်ကို တစ်ခါမျှမစီးဖြစ်သေး။ ဟိုဟိုဒီဒီသွားစရာလေးပေါ်လျှင်တော့ တက္ကစီကိုပဲ အားကိုးနေရတာကြာပေပြီ။ ငွေကိုတခြားနေရာမှာလျှော့သုံးပြီး တက္ကစီခကိုတော့ မနှမြောတော့ဘူးဟု ဒေါ်အေးမူ ဆုံးဖြတ်ထားသည်။

ဒေါ်အေးမူနေထိုင်သည်က ကြည့်မြင်တိုင် အိုးဘိုရပ်ကွက်။ တစ်ဦးတည်းသောအစ်မ နေထိုင်သည်က ဆိပ်ကမ်းသာလမ်း။ အစ်မက သူ့သမီးကြီးနှင့်အတူနေသည်ဆိုသော်လည်း ကိုယ်တစ်ခြမ်းလေဖြန်းထားသဖြင့် ဒေါ်အေးမူ မကြာခဏသွားကြည့်ပေးရသည်။ ခြေဆုပ်လက်နယ်ပြုရင်း အားပေးစကားလည်း ပြောရသည်။ အနည်းဆုံး တစ်ပတ်တစ်ခါလောက်သွားဖြစ်သဖြင့် တစ်ပတ်တစ်ခါတော့ တက္ကစီစီးဖြစ်သည်။ သည်တော့ တက္ကစီဒရိုင်ဘာအမျိုးမျိုးနှင့် ကြုံရဆုံရလေသည်။

သဘောကောင်းသည့်ဒရိုင်ဘာများကို တွေ့ဖူးသလို ဈေးကိုပုံမှန်ထက်မက အဆမတန်တောင်းသည့်သူ၊ ဆက်ဆံရေးအလွန်ညံ့ဖျင်းသူ၊ တစ်ချိန်လုံး ဘုရားတနေရအောင် ကားမောင်းကြမ်းသူ၊ အသက်ရှူမရအောင်ချွေးစော်နံနေသူ၊ ကားမောင်းရင်း ကားသမားအချင်းချင်းအဖုအထစ်ဖြစ်လျှင် ပါလာသည့်ခရီးသည်မှအားမနာ ရန့်ရင်းကြမ်းတမ်းစွာဆဲဆိုသူ စသည့် ဒရိုင်ဘာအမျိုးမျိုးကိုလည်း ဒေါ်အေးမူ ကြုံဖူးဆုံဖူးခဲ့ပြီ။ ကြုံရတိုင်းလည်း ဒေါ်အေးမူ စိတ်ဆင်းရဲလှသည်။ ထို့ကြောင့် အိမ်ကထွက်ခါနီး ဘုရားစင်မှာ ဘုရားဦးချတိုင်း အန္တရာယ်ကင်းဖို့အပြင် သဘောကောင်းသည့်ကားဆရာနှင့်တွေ့ရပါလို၏ဆိုသည့် ဆုပင် တောင်းနေဖြစ်ခဲ့သည်။

ယနေ့တွေ့ရသည့်ကားဆရာလေးကတော့သူ့ကို စိတ်ဆင်းရဲအောင်လုပ်မည့်သူ မဟုတ်တန်ကောင်းဘူးဟု ဒေါ်အေးမူ တွေးထင်မိသည်။ သူ တွေးထင်တာ မှန်ကန်ကြောင်း သက်သေပြလိုက်သည့် အချက်တစ်ချက်က သူ ကားထဲဝင်ထိုင်လိုက်သည့်တစ်ခဏအတွင်း ကားဆရာလေးက ဖွင့်လက်စရေဒီယိုလိုင်းကို ချက်ချင်းပြောင်းပေးလိုက်ခြင်းပင် ဖြစ်သည်။ နဂိုဖွင့်ထားသောလိုင်းမှသီချင်းက လူငယ်ကြိုက် ဟစ်ဟော့ဆိုလား ဘာဆိုလား ဒေါ်အေးမူ နားမလည်သော၊ နားထဲတွင် ပူလောင်ပြင်းရှသော ခေတ်ပေါ်သီချင်းအမျိုးအစားဖြစ်ပြီး ပြောင်းလိုက်သည့်လိုင်းက လွှင့်ထုတ်နေသည့်သီချင်းက ဒေါ်အေးမူ နားခံသာသည့်၊ အဓိပ္ပာယ်လည်းနားလည်နိုင်သည့် သီချင်းဖြစ်သည်။ ကားအတွင်းဝယ် မြန်မာသံတေးဂီတတစ်ခု လွှမ်းမိုးသွားသည်။

"ရောက်ကြဖူးသလား... ဇေယျာရွှေမြေ... မြစ်ရေ ခွေဝန်းလျှံ... ရှုဆန်းဖြာထွေ... စစ်ကိုင်းတောင်ခြေ အရောက်သွား... တရားရှာဖွေ... ဗုဒ္ဓဘာသာ မြန်မာတွေ.. အတာကူးတဲ့ နှစ်ဦးဂိမှာန်နွေ......"

ဒေါ်အေးမူတို့ ငယ်နုစဉ်ကတည်းက နှစ်ခြိုက်စွဲလမ်းခဲ့သည့်သီချင်း။ အဆိုတော်ကြီး"ကိုအံ့ကြီး"၏ "စစ်ကိုင်းတောင်"သီချင်းဖြစ်သည်။ အသံကတော့ ကိုအံ့ကြီး၏အသံမဟုတ်။ လူငယ်အဆိုတော်တစ်ဦးက ပြန်လည်သီဆိုထားခြင်းဖြစ်သည်။ သူသည်လည်း အသံလုံလုံနှင့် ပီပီပြင်ပြင်သီဆိုနိုင်သည့် အဆိုရှင်ကောင်းတစ်ဦးပါပဲ။

အသက် ၆၀ ကျော်၊ ၇၀ နားကပ်နေသော အဘွားကြီးတစ်ဦးက ဟစ်ဟော့လိုဂီတမျိုးကို ဘယ်လိုမှ ခံစားနားဆင်နိုင်မည်မဟုတ်ကြောင်းကို ကားဆရာလေး သဘောပေါက်နားလည်ပေးသည့်အတွက် "ကျေးဇူးပါ သားရယ်"ဟု စိတ်ထဲရေရွတ်မိလိုက်သည်။

တစ်လမ်းလုံး ကားမောင်းတော့လည်း ကျွမ်းကျင်သည်၊ ညင်သာသည်၊ စိတ်ရှည်သည်။ အခြားကားများကို ဦးစားပေးရန်လိုလျှင် ဦးစားပေးသည်။ တစ်ကိုယ်ကောင်းသမားမဟုတ်ကြောင်း သူ့လုပ်ရပ်ကလေးများက ဖော်ပြနေသည်။

အောက်ကြည့်မြင်တိုင်လမ်းအတိုင်းလာရာ အလုံလမ်းမီးပွိုင့်တွင် မီးပွိုင့်မိသည်။ ကားရပ်စောင့်ဆိုင်းနေစဉ်အတွင်း ကားဆရာလေးက သီချင်းသံကို အနည်းငယ်တိုးလိုက်ကာ သူ့ဘယ်ဘက်အိတ်ထောင်ထဲမှဖုန်းကိုထုတ်၍ ခလုတ်တစ်ခုနှိပ်ပြီး စကားပြောသည်။

"......"

"အမေလား.....ကျွန်တော်ပါ"

"......"

"အမေ မနေ့ညနေက ဗိုက်အောင့်လို့ဆို၊ ဆေးခန်းသွားရတယ်ဆို"

"......"

"စောစောကမှ မမလတ် ဖုန်းဆက်လို့သိရတာ။ အခုကော ဘယ့်နှယ့်နေသေးလဲ၊ သက်သာရဲ့လား"

"......"

"တော်သေးတာပေါ့ အမေရာ၊ နောက်ဆို ဂရုစိုက်ပါဗျာ။ ကလေးတွေ ဘုမသိဘမသိချက်ကျွေးတိုင်း စားမနေနဲ့ အမေ။ ကောင်မလေးတွေကို လာမှဆူရအုံးမယ်။ ကျွန်တော် ဒီနေ့ နုထွေးနဲ့ ငွေတစ်သိန်း ပို့လိုက်မယ်နော်။ အိမ်ကို၊ အိမ်ကိုပေါ့၊ အမေ့ဖို့ပေါ့"

"......"

"ရပါတယ်။ သူက အခု Online ကနေ အလှကုန်ပစ္စည်းတွေရောင်းနေတာ အမေရဲ့။ သူ့ပစ္စည်းတွေကို အောင်မင်္ဂလာကားဝင်းသွားပို့မှာမို့ လမ်းလဲကြုံပါတယ်"

"......"

"ရပါတယ်ဆို အမေကလဲ၊ ကျွန်တော် ဒီနေ့တော့ အမေ့အိမ် လာနိုင်မယ်မထင်ဘူး။ ညပိုင်းလဲ အော်ဒါ တစ်ခုရှိနေလို့။ မနက်ဖြန်မှ မနက်စောစော လာခဲ့မယ်နော်။ အမေ ဘာစားချင်လဲ။ ဘာဝယ်ခဲ့ရမလဲ"

"......"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဒါပဲနော် အမေ"

မီးစိမ်းသွားတော့ ကားဆရာလေးက စကားလက်စသတ်ကာ ဖုန်းကို အိတ်ထဲထည့်၍ ဆက်မောင်းလာသည်။

ဘာကြောင့်မှန်းမသိ ဒေါ်အေးမူစိတ်ထဲ ကြည်နူးဝမ်းသာသွားသည်။ ကားဆရာလေး၏ မျက်နှာဘေးတစ်ခြမ်းကို နောက်ကျောဘက်မှကြည့်ရင်း ပြုံးမိသည်။

အမေဗိုက်အောင့်၍ ဆေးခန်းသွားရသည်ကို သိသည်နှင့် ပူပူပင်ပင်သတင်းမေးသည့်သား။ သိပ်မစိုးရိမ်ရသည့်အခြေအနေမို့ ချက်ချင်းမသွားနိုင်သည့်တိုင် ငွေကိုတော့ အရင်ပို့ပေးရန် စီစဉ်သည့်သား။ ကျေနပ်စရာပင်။ သားလိမ္မာတစ်ယောက်ပဲဟု ဒေါ်အေးမူ မှတ်ချက်ပြုမိသည်။

ကားလေးက အောက်ကြည့်မြင်တိုင်လမ်းမှ ဗိုလ်ချုပ်လမ်းအတိုင်း ဆက်မောင်းလာသည်။ ကားအေးအေးထဲ သီချင်းအေးအေးလေး နားထောင်ရင်းလိုက်ပါလာရာ မီးပွိုင့်အချို့ကိုလွတ်လာပြီး လမ်းမတော်မီးပွိုင့်တွင် မိပြန်သည်။ ရှည်လျားသော ကားတန်းကြီးနောက်တွင် ရပ်စောင့်ရပြန်တော့ ကားဆရာလေးက သူ့အိတ်ထဲက ဖုန်းကို ထုတ်၍ တစ်ချက်နှိပ်ပြန်သည်။

"မိန်းမရေ... မင်း ဒီနေ့ အောင်မင်္ဂလာကားဝင်း သွားဖြစ်မလား"

"......"

"ဒါဆို သွားရင်းနဲ့ အမေတို့အိမ်ဘက် တစ်ချက်လောက် ဝင်ပေးနိုင်မလား မိန်းမ"

"......"

"မနေ့ညနေကတဲ့ကွာ၊ အမေ ဗိုက်တအားအောင့်ပြီး ဆေးခန်းသွားရလို့တဲ့။ အဲဒါ အမေ့ကို ဆေးဖိုးငွေ နည်းနည်းလောက်ပေးထားရင် ကောင်းမလားလို့"

"......"

"မိန်းမသဘောလေ၊ မင်းက Home Minister ပဲ"

"......"

"မောင်ပဲပြောဆိုရင်တော့ အင်း...လိုလိုမည်မည် တစ်သိန်းလောက်ဆိုရင်ကော ချစ် ဘယ်လို သဘောရလဲ"

"......"

"ကျေးဇူးပါပဲကွာ၊ မောင်က ဒီနေ့ မြောက်ဥက္ကလာဘက် ရောက်ချင်မှရောက်မှာမို့လို့ပါ။ ကားပေါ်မှာ ခါးပိုက်နှိုက်လဲ သတိထားအုံး"

"......"

"အင်း မဆိုးပါဘူး။ ဆီဖိုးလေးတော့ ရပါပြီ"

"......"

"ထမင်းလား၊ ဘယ်စားရအုံးမှာလဲ"

"......"

"ရပါတယ်ကွာ၊ ဆာလဲ သိပ်မဆာပါဘူး။ ကိုယ့်မိန်းမအတွက် ငွေရှာလိုက်အုံးမယ်လေ။ အိုကေ အိုကေ၊ ဒါပဲနော်"

ကားတန်းလှုပ်စပြုလာတော့ ကားဆရာ စကားလက်စသတ်သည်။ ဖုန်းသံတိတ်သွားသည့်အခါ

စာမျက်နှာ ၂၅ သို့ á

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၃၅၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရွှေဘို ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၃၅၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၆၃၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၃၅၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၇ ဒသမ ၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ စပါး ၁၀၆၃၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ကမော့ကစင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် Box Culvert နှစ်စင်းတည်ဆောက်နေမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကမော့ကစင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် Box Culvert နှစ်စင်း တည်ဆောက်နေမှုကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာနှင့် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်နှင့် ဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကမော့ကစင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှုနှင့် Box Culvert နှစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(နည်းပညာ) က လုပ်ငန်းများကို သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကမော့ကစင်ကျေးရွာ၌ လမ်းအရှည် ၅ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၅ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းနှင့် အဆိုပါလမ်းပေါ်တွင် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၈ ဒသမ ၄၃၉ သန်းဖြင့် Perfect Mother ကုမ္ပဏီက ယခုနှစ် ဇွန် ၂၈ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

á **စာမျက်နှာ ၂၄ မှအဆက်**

ဒေါ်အေးမူ နှုတ်ခမ်းက နောက်တစ်ကြိမ် ပြုံးမိလျက်သားဖြစ်သွားပြန်သည်။ ကြည့်စမ်း တော်လိုက်သည့်ကလေး။ ဇနီးမယားကို နေရာပေး၍ သိမ်းသွင်းသွားပုံများ ပညာသားပါလိုက်ပါဘိ။ အပြောချိုချိုနှင့် သူဖြစ်ချင်သည်ကိုဖြစ်အောင် စည်းရုံးသွားနိုင်သည်လေ။ ထမင်းစားချိန်လွန်သည့်တိုင်မစားဘဲ မိန်းမအတွက် ငွေရှာဦးမည်ဟူသည့်စကားမျိုးကို ဘယ်ဇနီးမယားက ဘဝင်မခိုက်ဘဲရှိပါ့မလဲ။ မိခင်အတွက် သားလိမ္မာဖြစ်ရုံမက ဇနီးအတွက် လင်ကောင်းသားကောင်းတစ်ယောက်ဖြစ်သည်ဟု မြင်သည်။

ငွေရေးကြေးရေးနှင့်ပတ်သက်လျှင် မိခင်နှင့် မယားကြား ဗျာများရသော ယောက်ျားတော်တော်များများကို ဒေါ်အေးမူ တွေ့ဖူးသည်။ မကိုင်တတ်မတွယ်တတ်တော့ မိခင်က ပြူစူ၊ မယားက မကျေနပ်၊ ကိုယ်ကိုယ်တိုင်က စိတ်ညစ်ရသည့်အဖြစ်အပျက်တွေ လောကမှာ အပုံ။ ငွေရေးကြေးရေးကြောင့် အိမ်ထောင်ရေးဘဝပြိုကွဲရသည့်အဖြစ်သနစ်များကလည်း အနမတဂ္ဂ။ ဩော်... သည်ကားဆရာလေးကတော့ အပြောအဆိုအကိုင်အတွယ် ညက်ညောလှပါဘိ။

ဆူးလေမီးပွိုင့်တွင် ခဏမိသည်။ လွတ်လာတော့ ပန်းဆိုးတန်းခုံးအောက်မှ ပန်းဆိုးတန်းလမ်းအတိုင်းဆင်းလာပြီး အနော်ရထာလမ်းပွိုင့်မှာ ခဏစောင့်ရသည်။ ဆက်မောင်းလာသည်။ မဟာဗန္ဓုလပွိုင့်တွင် တစ်ချက်ထပ်မိသည်။ မီးစိမ်းသွားတော့ ဘယ်ကိုချိုးပြီး ညာထပ်ချိုးကာ ဆိပ်ကမ်းသာလမ်းထဲ ကွေ့ဝင်သည်။

တစ်လမ်းလုံး ကားတွေပိတ်ကျပ်နေသဖြင့် တရွေ့ရွေ့ တိုးဝင်ရသည်။

ဒေါ်အေးမူညွှန်ပြသော အဆောက်အအုံရှေ့တွင် ကားရပ်ပေးသည်။ "ယနေ့ ကားစီးရတာ သက်သောင့်သက်သာရှိလိုက်တာ"ဟု ဒေါ်အေးမူ စိတ်ထဲ အောက်မေ့မိသည်။

ဒေါ်အေးမူ ငွေ ၃၀၀၀ ထုတ်ပေးတော့ ကားဆရာလေးက "ကျေးဇူးတင်ပါတယ်ခင်ဗျာ"ဟုဆိုရင်း တရိုတသေလှမ်းယူသည်။

"ဖြည်းဖြည်းဆင်းပါ အန်တီ၊ ပစ္စည်းတွေ အကုန်ပါတယ်နော်။ ထီးထီး ကျန်နေတယ်"

သတိမေ့လျော့တတ်သော အသက်အရွယ်ရှိသည့် အဘွားအိုကို ပစ္စည်းမေ့မကျန်ရန် သတိများလည်းပေးလို့။

ဒေါ်အေးမူ ကားပေါ်မှဆင်းပြီး ကားတံခါးမပိတ်ခင် သူ့ရင်ထဲမှ ပွင့်အန်လာသည့် စကားတစ်ခွန်းကို ကားဆရာလေးကို ပြောဖြစ်ခဲ့သည်။

"သား မင်းလို အလုပ်ကိုရိုသေပြီး ပေါင်းသင်းဆက်ဆံရေးကောင်းတဲ့လူမျိုး ဒီထက်မက ကြီးပွားတိုးတက်အုံးမယ်"

သူ့စကားကြောင့် ကားဆရာလေး၏စိတ်ထဲ ဘယ်လိုရှိနေမည် မသိသော်လည်း ဒေါ်အေးမူကတော့ ထိုနေ့တစ်နေ့လုံး စိတ်လက်ချမ်းသာ၍ နေပါသည်။

## သွေးဆုံ ဆင်နွှဲ ရွေးကောက်ပွဲ

- မနက်ဖြန် စာမျက်နှာသစ်
ဖွင့်လှစ်မယ့် သည်ချိန်ခါ၊
ပြည်ကျိုးမျှော် ပြည်သူ့အရေး
မဲပေးရမှာ၊
ပြည်လုံးကျွတ် ခြိမ့်ညံစွာ
ငါးနှစ်တာ ရွေးကောက်ပွဲ၊
ဆန္ဒမှန် ရွေးချယ်မှုနဲ့
ရေးရှုဆင်နွှဲ။

- တို့ပြည်ထောင် သမိုင်းပေး
ခေတ်ရှေ့ပြေး တာဝန်ပေ၊
ပြည်သူတွေ ရွေးချယ်ပြမယ့်
ရပိုင်ခွင့်လေ၊
ထိုက်တန်တဲ့ ကိုယ်စားလှယ်တွေ
သုံးသပ်ဖွေ အလေးထား၊
ဆုံးဖြတ်မှန် ပိုင်ပိုင်တွေးလို့
ရွေးချယ်စို့လား။

- ဒီမိုကရေစီ ခေတ်စနစ်
အသွင်သစ် ရှေ့ဦးတည်၊
ပေါ်ထွန်းစေ ပြည်သူ့အစိုးရ
တောင့်တမျှော်ရည်၊
ရွှေပြည်သစ် ပန်းတိုင်ဆီ
တွဲလက်ညီ လှမ်းဆက်ဖို့၊
အတွေးမပွား အရွေးမမှားဘဲ
အသည်းကြားက မဲတစ်ပြားကို
တန်ဖိုးထား ပြည်သားပီစွာ
တို့ရွှေပြည် အနာဂတ်ရေးတွက်
သွေးဆုံညီ မြော်မြင်တွေး
(သွေးချင်းတို့ရေ...)
မဲပေးကြစို့။ ။

**တက်နေထွန်း**

# နောင်ချိုမြို့နယ် ညောင်ကုန်းကျေးရွာ၌ ကျေးရွာမတည်စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နောင်ချို ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ကုန်းကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ နောင်ချိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းက စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၁၃၆ သိန်းကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ညောင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများလုပ်ကိုင်သူ အသင်းသား၊ အသင်းသူစုစုပေါင်း ဦးရေ ၃၀ ကို ရန်ပုံငွေကျပ် ၁၃၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# ချေးငွေပေးဆပ်ခြင်းနှင့် ကွယ်လွန်သူ၏ အကျိုးဆက်ခံခွင့်ရှိသူ

စိန်လှိုင်ဖိုလ်



အမှုတစ်ခုတွင်ဖြစ်သည်။ လူတစ်ဦးက အခြားသူတစ်ဦးထံမှ ငွေချေးခဲ့သည်။ ချေးငွေကို မောင်နှမများ စုဆောင်းထားသော ဘဏ်ငွေစုစာအုပ်ကို အာမခံအဖြစ်ပြသပြီး ချေးခဲ့ခြင်းဖြစ်သည်။ နှစ်ဦးသဘောတူ ငွေချေးငှားခြင်းစာချုပ်ချုပ်ဆိုကြသည်။ ငွေပေးဆပ်ရန် အချိန်မရောက်သေးဘဲ ငွေယူသူ ကွယ်လွန်သွားသည်။ ငွေယူသူ၏ မောင်နှမတစ်ဦးကို ငွေရှင်က သွားရောက်ရှင်းပြရာ ၎င်းတို့မောင်နှမများ၏ ငွေစုစာအုပ်ကို ငွေယူသူ၏ ဇနီးယူသွားပြီးဖြစ်၍ သူထံတောင်းခံရန် ပြောခဲ့သည်။ ငွေယူသူ၏ဇနီးက သူနှင့်မသက်ဆိုင်ပါကြောင်း ငြင်းဆိုသည်။ တစ်ဖက်နှင့်တစ်ဖက်လွှဲချနေသဖြင့် ငွေရှင်က ငွေယူသူ၏ ဇနီးနှင့်မောင်နှမအားလုံးအပေါ် တရားစွဲဆိုရာမှ စီရင်ထုံးပြုခဲ့သော စိတ်ဝင်စားဖွယ်ရာ အမှုတစ်ခုအကြောင်းကို ရေးသားတင်ပြပါဦးမည်။

တရားလို ဦးအောင်ကျော်ဝင်းက ငွေထုတ်ချေးသူဖြစ်သည်။ ဦးစောသန်းဦးက ငွေချေးယူသူဖြစ်သည်။ ဘဏ်ထဲရှိငွေများမှာ ဦးစောသန်းဦး တစ်ဦးတည်းပိုင်မဟုတ်ဘဲ မောင်နှမများကိုယ်စား ၎င်းကအသွင်းအထုတ်လုပ်ပေးရသည်ဟုဆိုသည်။ သို့ရာတွင် တရားလိုဦးအောင်ကျော်ဝင်းက ၂၀၁၉ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ငွေကျပ်သိန်း ၁၂၀၀ ကို ဦးစောသန်းဦးထံသို့ချေးငှားပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် နောက်ဆုံးထားပေးဆပ်ရန် ဝန်ခံကတိပြုခဲ့ကြသည်။ ငွေပေးဆပ်ရန် အချိန်မရောက်သေးဘဲ ဦးစောသန်းဦး ကွယ်လွန်သဖြင့် မောင်နှမများထဲမှ ဒေါ်မြမြဌေးထံ သွားရှင်းပြရာ ၎င်းတို့မောင်နှမများ၏ ငွေစုစာအုပ်ကို ဦးစောသန်းဦး၏ဇနီး ဒေါ်ခင်လေးငယ် (ခ) ဒေါ်ညိုညိုက ယူသွားပြီးဖြစ်၍ သူမထံတောင်းခံရန် ဖြေဆိုခဲ့သည်။ ဒေါ်ခင်လေးငယ်က သူမနှင့်မသက်ဆိုင်ဘဲ ဦးစောသန်းဦး၏ မောင်နှမများထံမှ တောင်းခံရန်ပြောခဲ့သည်။ ဦးစောသန်းဦးကွယ်လွန်သွားသည့်အတွက် ၎င်း၏အကျိုးဆက်ခံသူများထံမှ ငွေကျပ်သိန်း ၁၂၀၀ ရထိုက်ခွင့်ရှိကြောင်း၊ တရားပြိုင်များသည် ငွေပေးဆပ်လိုခြင်းမရှိဘဲ တစ်ဖက်နှင့်တစ်ဖက်လွှဲချနေပြီး ဦးစောသန်းဦး၏ အကျိုးကို မည်သူဆက်ခံသည်ကို ဦးအောင်ကျော်ဝင်းမှ ဝေခွဲမရနိုင်သည့်အတွက် မောင်နှမများနှင့်ဇနီးအပေါ် တရားစွဲဆိုခဲ့သည်။

မကွေးခရိုင်တရားရုံး ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် (၇) တွင် တရားလို ဦးအောင်ကျော်ဝင်းက တရားပြိုင် ဒေါ်ခင်လေးငယ် (ခ) ဒေါ်ညိုညိုပါ ငါးဦးအပေါ်တရားလိုထံမှ ကွယ်လွန်သူ ဦးစောသန်းဦး ချေးယူသွားခဲ့သောငွေကျပ် သိန်း ၁၂၀၀ ကို တရားပြိုင်များထံမှ ရလိုမှုစွဲဆိုရာ အမှတ် (၁) တရားပြိုင်ကို အမှုသည်အဖြစ် ထည့်သွင်းတရားစွဲဆိုခွင့်မရှိဆိုခြင်းမှာမမှန်ကြောင်း ပဏာမငြင်းချက်ကို ဖြေကြားလျက် ကျန်ငြင်းချက်များကို နှစ်ဖက်သက်သေခံချက်များရယူပြီးနောက် ဆက်လက်ဖြေကြားမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

အဆိုပါအမိန့်ကို အမှတ် (၁) တရားပြိုင် ဒေါ်ခင်လေးငယ် (ခ) ဒေါ်ညိုညိုက မကွေးတိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၂၂ ခုနှစ် တရားမပြင်ဆင်မှုအမှတ် (၃) ဖြင့် လျှောက်ထားရာ တရားမပြင်ဆင်မှုကို ခွင့်ပြုပြီး တရားမကျင့်ထုံးဥပဒေအမိန့် (၁) နည်းဥပဒေ ၁၀(၂)အရ အမှတ်(၁)တရားပြိုင် ဒေါ်ခင်လေးငယ် (ခ) ဒေါ်ညိုညိုကို အမှုသည်အဖြစ်မှ ဖယ်ထုတ်ကြောင်း အမိန့်ချမှတ်သဖြင့် ဦးအောင်ကျော်ဝင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှု လျှောက်ထားခဲ့ခြင်းဖြစ်သည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ဦးစောသန်းဦး ကွယ်လွန်သွားသည့်အတွက် ၎င်း၏အကျိုးဆက်ခံသူ တရားပြိုင်များထံမှ ငွေကျပ်သိန်း ၁၂၀၀ ရထိုက်ခွင့်ရှိကြောင်း၊ တရားပြိုင်များသည် ငွေပေးဆပ်လိုခြင်းမရှိဘဲ တစ်ဖက်နှင့်တစ်ဖက်လွှဲချနေပြီး ဦးစောသန်းဦး၏ အကျိုးကို မည်သူဆက်ခံသည်ကို တရားလိုမှ ဝေခွဲမရနိုင်သည့်အတွက် တရားပြိုင်အားလုံးအပေါ် တရားစွဲဆိုခြင်းဖြစ်ကြောင်း ဦးစွာစိစစ်ဖော်ထုတ်ခဲ့သည်။

မူလခရိုင်တရားရုံးက ငြင်းချက်လေးရပ် ထုတ်နုတ်ပြီး "၂၀၁၉ ခုနှစ် ဩဂုတ် ၃၁ ရက် ရက်စွဲပါ နှစ်ဦးသဘောတူ ငွေချေးစာချုပ်တွင် (၁)တရားပြိုင် ရေးထိုးထားသော လက်မှတ်မပါရှိသည့်အတွက် (၁) တရားပြိုင်ကို အမှုသည်အဖြစ်ထည့်သွင်းတရားစွဲဆိုခွင့်မရှိ ဆိုခြင်းမှာ မှန်သလား" ဟူသော ပဏာမငြင်းချက်ကို ဦးစွာကြားနာခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်၍ ၂၀၁၉ ခုနှစ် ဩဂုတ် ၃၁ ရက် ရက်စွဲပါ နှစ်ဦးသဘောတူ ငွေချေးငှားခြင်းကတိစာချုပ်ကို အခြေခံ၍စွဲဆိုသော မူလအမှုတွင် အမှတ်(၁)တရားပြိုင်ကို အမှုသည်အဖြစ်တရားစွဲဆိုခွင့် ရှိ၊ မရှိ ဦးစွာစိစစ်ခဲ့သည်။ ငွေစုစာအုပ်သည် ဦးစောသန်းဦးအမည်ဖြစ်ကြောင်း အငြင်းမပွားပေ။ အမှတ်(၁)တရားပြိုင်ဒေါ်ခင်လေးငယ် (ခ) ဒေါ်ညိုညိုသည် မြန်မာ့စီးပွားရေးဘဏ်၌ ဦးစောသန်းဦးအမည်ဖြင့်ထားရှိသော ငွေစုဘဏ်စာအုပ်မှ ငွေများထုတ်ယူရန်အတွက် မကွေးခရိုင်တရားရုံး ၂၀၂၀ ပြည့်နှစ် တရားမ အထွေထွေမှုအမှတ် (၃)တွင် အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားရာအမှတ်(၂)မှ အမှတ်(၅) ထိ တရားပြိုင်တို့က ကန့်ကွက်သဖြင့် အမှုရင်ဆိုင်နေရကြောင်း၊ အဆိုလွှာနှင့်အမှတ်(၁)၊ အမှတ်(၂) မှ (၅)ထိ တရားပြိုင်များ၏ ချေလွှာတို့ကို စိစစ်ဖော်ထုတ်ခဲ့သည်။ အမှတ် (၁) တရားပြိုင်က မန္တလေးရှိ နေအိမ်နှင့်ဝိုင်းကို ရောင်းချပြီး ရရှိငွေကို စုဆောင်းထားသော ငွေစုစာအုပ်ဖြစ်ကြောင်း၊ အမှတ်(၂)မှ (၅) ထိ တရားပြိုင်တို့က မောင်နှမများ၏ စုငွေဖြစ်ကြောင်း ချေပနေကြခြင်းဖြစ်သည်။ တရားလိုက ၎င်းရရန်ရှိသော ချေးငွေအတွက် အမှတ် (၁) တရားပြိုင်နှင့်ကျန်တရားပြိုင်တို့က တစ်ဖက်နှင့်တစ်ဖက်လွှဲချနေသောကြောင့် ဦးစောသန်းဦး၏ အကျိုးဆက်ခံခွင့်ရှိသူမှာ မည်သူမည်ဝါမှန်း မသိသဖြင့် တရားပြိုင်အားလုံးကို အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုခြင်းဖြစ်ကြောင်း အဆိုလွှာတွင် ဖော်ပြထားသည်ကို စိစစ်ဖော်ထုတ်ခဲ့သည်။

ပဋိညာဉ်အတိုင်း ဆောင်ရွက်စေနိုင်သူများကို သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ (၂၇) တွင် ပြဋ္ဌာန်းထားရာ အဆိုပါပုဒ်မ ၂၇ (က) အရဆိုလျှင် ပဋိညာဉ်ချုပ်ဆိုရာတွင် ပါဝင်သည့်တစ်ဖက်ဖက်ပုဂ္ဂိုလ်သာဖြစ်ကြောင်း တွေ့ရှိရသည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ (၃၇) အရဆိုလျှင်လည်း ပဋိညာဉ်ချုပ်ဆိုရာတွင် ပါဝင်သူများသည် မိမိတို့၏ သက်ဆိုင်ရာကတိများအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။ ပဋိညာဉ်မဆောင်ရွက်မီ ကတိပြုသူများ သေဆုံးသွားပါက ကတိများသည် ကတိပြုသူများ၏ အခွင့်အရေးကို ဆက်ခံသူများအပေါ်တွင် အတည်ဖြစ်သည်။

၎င်းဥပဒေပုဒ်မ ၄၀ ဥပမာ (က)အရဆိုလျှင်လည်း ပဋိညာဉ်တွင် ကတိပြုသူကိုယ်တိုင်ဖြစ်စေ၊ ၎င်းက တစ်ခြားသူကို ဆောင်ရွက်စေခြင်းဖြင့်ဖြစ်စေ ကတိအတိုင်းဆောင်ရွက်နိုင်သည်။ **ထိုကတိအတိုင်း ဆောင်ရွက်ရမည့်အချိန်မတိုင်မီ ကတိပြုသူ သေဆုံးသွားလျှင် ထိုသူ၏ အခွင့်အရေးဆက်ခံသူများသည် ကတိအတိုင်းဆောင်ရွက်ရမည်။ ဦးစိုင်းစိုးဦးပါ ၂ နှင့် ဒေါ်နန်းခမ်းဝါပါ ၂ ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးစာ-၁၉** စီရင်ထုံးကို ရည်ညွှန်းခဲ့သည်။

အမှတ် (၁) တရားပြိုင် ဒေါ်ခင်လေးငယ် (ခ) ဒေါ်ညိုညိုက ချေလွှာအပိုဒ် (၄) နှင့် (၅) တွင် သူမသည် ဦးစောသန်းဦး၏ တရားဝင်ဇနီးဖြစ်ကြောင်း ဖော်ပြချေပထားသည်။ အမှတ်(၂)မှ (၅) တရားပြိုင်တို့၏ချေလွှာတွင် အမှတ် (၁) တရားပြိုင် ဒေါ်ခင်လေးငယ် (ခ) ဒေါ်ညိုညိုသည် ဇနီးဟောင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ၂၀၁၉ ခုနှစ် ဩဂုတ် ၃၁ ရက် ရက်စွဲပါ ပဋိညာဉ်အတိုင်းငွေပေးဆပ်ရန် အချိန်မကျရောက်မီ ကတိပြုသူဦးစောသန်းဦး သေဆုံးသွားပြီဖြစ်၍ ကတိများသည် ကတိပြုသူ **ဦးစောသန်းဦး၏အခွင့်အရေးကို ဆက်ခံသူများအပေါ် ဆောင်ရွက်စေနိုင်သည်ဖြစ်၍ အမှတ် (၁) တရားပြိုင်နှင့် အမှတ် (၂) မှ (၅) ထိ တရားပြိုင်တို့သည် ကတိပြုသူ ဦးစောသန်းဦး၏ အခွင့်အရေးကို ဆက်ခံသူများဟုတ်၊ မဟုတ်အငြင်းပွားနေသည့်အခြေအနေတွင် အမှတ် (၁) တရားပြိုင်ကို အမှုသည်အဖြစ်မှဖယ်ထုတ်ရန်သင့်မည်မဟုတ်ကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေအမိန့် (၁) နည်းဥပဒေ (၇)တွင် တရားလိုသည် မည်သူ့ထံမှ ရယူပိုင်ခွင့်ရထိုက်ကြောင်း သံသယရှိသည့်အခါ တရားပြိုင်များအနက် မည်သည့်တရားပြိုင်၌ တာဝန်ရှိသည်။ မည်သည့်အတိုင်းအတာထိ တာဝန်ရှိသည်ကို အမှုသည်အားလုံးကြားဆုံးဖြတ်နိုင်ရန် တရားပြိုင် (၂) ဦးကိုဖြစ်စေ (၂) ဦးထက်ပိုသော တရားပြိုင်များကိုဖြစ်စေ၊ ပူးတွဲနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အမှတ် (၁) တရားပြိုင် ဒေါ်ခင်လေးငယ် (ခ) ဒေါ်ညိုညိုသည် ကွယ်လွန်သူ ဦးစောသန်းဦးက ပေါင်းသင်းလျက်ရှိသော တရားဝင်ဇနီးမယားဖြစ်ခြင်းမှန်ပါက ကွယ်လွန်သူ ဦးစောသန်းဦး၏ အကျိုးဆက်ခံသူအဖြစ် ဥပဒေအရမှတ်ယူရမည်ဖြစ်ပြီး ဦးစောသန်းဦး၏ ဇနီးဟောင်းဖြစ်ခဲ့ပါက ကျန်တရားပြိုင် (၄) ဦးသည် ကွယ်လွန်သူ ဦးစောသန်းဦး၏ အကျိုးဆက်ခံသူအဖြစ် မှတ်ယူရန်ဖြစ်ကြောင်း မူလခရိုင် တရားရုံးသုံးသပ်ချက်သည်မှားယွင်းသည်ဟုမဆိုသာကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

သို့ဖြစ်၍ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်က မကွေးခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး တရားမကျင့်ထုံးဥပဒေအမိန့် (၁) နည်းဥပဒေ ၁၀ (၂) အရ အမှတ်(၁) တရားပြိုင် ဒေါ်ခင်လေးငယ် (ခ) ဒေါ်ညိုညိုကို အမှုသည်အဖြစ်မှ ဖယ်ထုတ်ကြောင်း ချမှတ်ခဲ့သည့်အမိန့်သည် မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်၍ ဤပြင်ဆင်မှုရုံးမှ ဝင်ရောက်စွက်ဖက်ပြင်ဆင်ပေးရန်အကြောင်း ပေါ်ပေါက်နေသည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သုံးသပ်တွေ့ရှိခဲ့သည်။

ထို့ကြောင့် ဤတရားမပြင်ဆင်မှုကို ခွင့်ပြုပြီး မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၏ အမိန့်ကို ပယ်ဖျက်ပြီး မကွေးခရိုင်တရားရုံးအမိန့်ကို ပြန်လည်အတည်ပြုလိုက်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်အရ အမှတ်(၁) တရားပြိုင် ဒေါ်ခင်လေးငယ် (ခ) ဒေါ်ညိုညိုကို အမှုသည်အဖြစ်မှ ဖယ်ထုတ်ခွင့်မပြုကြောင်း သိရှိနိုင်ကြသည်။ **ဦးအောင်ကျော်ဝင်းနှင့် ဒေါ်ခင်လေးငယ် (ခ) ဒေါ်ညိုညိုပါ (၅) ၂၀၂၂ ခုနှစ် တရားမပြင်ဆင်မှုအမှတ် (၃၀၉) စီရင်ထုံးကို** ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

❖ ၂၀၁၉ ခုနှစ် ဩဂုတ် ၃၁ ရက် ရက်စွဲပါ ပဋိညာဉ်အတိုင်း ငွေပေးဆပ်ရန် အချိန်မကျရောက်မီ ကတိပြုသူ ဦးစောသန်းဦး သေဆုံးသွားပြီဖြစ်၍ ကတိများသည် ကတိပြုသူ ဦးစောသန်းဦး၏အခွင့်အရေးကို ဆက်ခံသူများအပေါ် ဆောင်ရွက်စေနိုင်သည်ဖြစ်၍ အမှတ် (၁)တရားပြိုင်နှင့် အမှတ် (၂) မှ (၅) ထိ တရားပြိုင်တို့သည် ကတိပြုသူ ဦးစောသန်းဦး၏ အခွင့်အရေးကို ဆက်ခံသူများဟုတ်၊ မဟုတ်အငြင်းပွားနေသည့်အခြေအနေတွင် အမှတ် (၁) တရားပြိုင်ကို အမှုသည်အဖြစ်မှဖယ်ထုတ်ရန် သင့်မည်မဟုတ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။❖

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ရေမင်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့



**ဟသ်ာတ ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ရေမင်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ရေမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ရေမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

"ဟသ်ာတကနေ ရန်ကုန်ဈေးကွက်ကို ဆန်အပါအဝင် လယ်ယာထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လတွင်းမှာ ရေမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်က ဒီဘက်က ဆန်တွေ အဝယ်လိုက်နေပါတယ်။ ဆန်တွေ အရောင်းအဝယ်ကောင်းလာတဲ့အတွက် တောင်သူတွေ၊ ကုန်သည်တွေ၊ ကုန်တင်ကုန်ချ လုပ်သားတွေ၊ ကုန်တင်ယာဉ် အငှားလိုက်သူတွေ အလုပ်အကိုင် အခွင့်အလမ်း ရရှိနေပါတယ်"ဟု ဟသ်ာတမြို့နယ် ဆန်၊ စပါးရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရေမင်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ မှ ၈၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဟသ်ာတမြို့နယ်မှ ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်း ချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧက အားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၈၈၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ ကြောင်း၊ အဆိုပါစိုက်ပျိုးထား သော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှ စတင်ရိတ် သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၈၈၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါ တယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီ စိမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက် ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုး ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုး ကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိ ပညာပေးတာတွေ ရှိပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက် ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသ နှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာ ပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင် သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်သော ကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက် ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း သင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# တပ်ကုန်းမြို့နယ် အလည်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည် တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက အလည်ကျွန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ဥတ္တရခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်း များက မြစိမ်းရောင်ကျေးရွာစီမံ ကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် အတူ အလည်ကျွန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ အတိုင်းဆောင် ရွက်ထားရှိမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအလည်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ရာ ယခုအခါ တတိယနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၉ ဦး ကို ငွေကျပ် ၃၆၄ သိန်း ထုတ်ချေး ပေးထားကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သိရသည်။

**သူသူ**

# မင်းဘူးမြို့နယ် စိုင်ရှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူး ခရိုင် မင်းဘူးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က စိုင်ရှင်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာ ဝင်းက မြစိမ်းရောင်ကျေးရွာစီမံ ကိန်းလက်စွဲစာစောင်ပါ ညွှန်ကြား ချက်များ၊ စီမံကိန်းဆောင်ရွက် ရခြင်းကြောင့် ရရှိလာမည့်အကျိုး ကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ် မှတ်ချက်များ၊ ကျေးရွာနေ ပြည်သူ များထားရှိရမည့် ကျေးရွာစိတ် ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်း ဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းအကြောင်း အရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ် ချေးရာတွင် လိုက်နာရမည့်စည်း ကမ်းသတ်မှတ်ချက်များကို ရှင်း လင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်း ရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုင်ရှင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်း မပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမ အကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင် သူ ၂၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို ရန်ပုံငွေ ၃၃၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကော့သောင်း ဒီဇင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် ဘန်းကချွန် ကျေးရွာ၌ ပြည်ထောင်စုရန်ပုံ ငွေဖြင့် ရေရရှိရေးလုပ်ငန်းဆောင် ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး(နည်းပညာ) ဒေါ်စိုးစိုးသီ၊ ကော့သောင်းခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်း၊ ကော့သောင်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြယမုံဖူးနှင့် ဝန်ထမ်းများမှ ကျေးရွာကော်မတီ ဝင်များနှင့်အတူ ဘန်းကချွန် ကျေးရွာ၌ လက်တူးတွင်းတူးဖော် ခြင်း၊ ရေသန့်စင်စနစ်တပ်ဆင် ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်း ခြင်းလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယ ညွှန်ကြားရေးမှူး(နည်းပညာ)က ကျေးရွာ ကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည် အသုံးပြုနိုင်ရေး သက်ဆိုင်သူ အားလုံးက ဝိုင်းဝန်းထိန်းသိမ်း ကြရန် ဆွေးနွေးပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့နယ် ဘန်း ကချွန်ကျေးရွာ၌ အကျယ် ခြောက် ပေ၊ အနက် ၃၅ ပေရှိသော လက်တူးတွင်း တူးဖော်ခြင်း၊ ရေသန့်စင်စနစ် တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းအရှည် ပေ ၃၀၀ သွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၁ ဒသမ ၉ သန်းဖြင့် ကော့သောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများကတာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက်က စတင် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ် ကြောင်း သိရသည်။

**အထွေး**

**စာအုပ်စာပေ လှူမိတ်ဆွေ**

## ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ပြီးနောက် ဒေသခံ ၉၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် စီစဉ်



**တိုကျို ဒီဇင်ဘာ ၉**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ပြီးနောက် ဒေသခံ ၉၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် စီစဉ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ဒီဇင်ဘာ ၈ ရက်က ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ပြီးနောက် ဆူနာမီသတိပေးချက်ကို အမြင့်ဆုံးထုတ်ပြန်ခဲ့ကြောင်း၊ ဂျပန်မိုးလေဝသအေဂျင်စီ(JMA) ၏ ကနဦးသတင်းများအရ နိုင်ငံ၏ အရှေ့မြောက်ပိုင်း ကမ်းရိုးတန်းတွင် ၁၀ ပေထိ မြင့်မားသော ဆူနာမီလှိုင်းများ ရိုက်ခတ်နိုင်ကြောင်း သတိပေးချက်ထုတ်ထားသော်လည်း ယနေ့တွင် JMA က ဆူနာမီသတိပေးချက်ကို အမြင့်ဆုံးအဆင့်မှလျှော့ချခဲ့ပြီး ဖြစ်ပေါ်လာနိုင်သည့် ခန့်မှန်းခြေလှိုင်း အမြင့်ကိုလည်း လျှော့ကျနိုင်ကြောင်း ထုတ်ပြန်ခဲ့သော်လည်း ဆူနာမီ သတိပေးချက်များကို လုံးဝရုပ်သိမ်းသွားခြင်း မရှိသေးသဖြင့် ငလျင်ဗဟိုချက်နှင့်နီးသော ဟော့ကိုင်းဒိုး၊ အာအိုမိုရီ၊ အီဝါတေ ခရိုင်တို့မှ ဒေသခံပြည်သူများကို သတိပြုနေထိုင်ကြရန် JMA က သတိပေးထားသည်။

ယခုလှုပ်ခတ်ခဲ့သည့် ငလျင်သည် အာအိုမိုရီခရိုင်ကမ်းရိုးတန်းမှ ၈၀ ကီလိုမီတာအကွာ အနက် ၅၄ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ကြောင့် လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများစွာပြိုကျခဲ့ပြီး အရေအတွက်ကိုမူ မသိရသေးကြောင်း၊ ထို့ပြင် အဆိုပါအင်အားပြင်းငလျင် လှုပ်ခတ်ကြောင့် သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရသူ အရေအတွက် အတိအကျကိုမူ ယနေ့တွင် စစ်တမ်းများ ကောက်ယူနေဆဲဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (JMA)မှ သိရသည်။

Ref : Russia Today
Trs : KZ

## အင်္ဂလန်နိုင်ငံ Midlands နယ်မြေတွင် မိုးခေါင်ရေရှားမှု အရေးပေါ်အခြေအနေကို ရုပ်သိမ်းကြောင်း EA က ထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၉**

အင်္ဂလန်နိုင်ငံ Midlands နယ်မြေများတွင် မိုးခေါင်ရေရှားပါးမှုဖြင့် ကာလရှည်ရင်ဆိုင်နေရပြီး ဒီဇင်ဘာလ ပထမပတ်မှစတင်၍ မိုးရွာသွန်းမှုများ ရှိလာသည့်အတွက်ကြောင့် မိုးခေါင်ရေရှားပါးမှုအရေးပေါ်အခြေအနေကို ရုပ်သိမ်းကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Midlands နယ်မြေများတွင် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း မိုးခေါင်ရေရှားပါးမှုပြဿနာများ စတင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ် ဇူလိုင်လမှစတင်၍ မိုးခေါင်ရေရှားပါးမှုအရေးပေါ်အခြေအနေ စတင်သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး မိုးပြန်လည်ရွာသွန်းမှုများ ရှိလာသည့်အတွက်ကြောင့် မိုးခေါင်ရေရှားပါးမှု အရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်နွေကာလသည် Midlands နယ်မြေအတွက် နှစ်ပေါင်း ၁၃၂ နှစ်အတွင်း ခြောက်သွေ့မှုနှုန်း အမြင့်ဆုံးသော နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း သိရသည်။



"Midlands နယ်မြေတွေမှာ ဒီဇင်ဘာလပထမပတ်မှာ မိုးရွာသွန်းလာတဲ့အတွက် မိုးခေါင်ရေရှားပါးမှုအရေးပေါ်အခြေအနေကို ရုပ်သိမ်းလိုက်ပါတယ်။ မိုးရွာသွန်းလာတာကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေ အခက်တွေ့နေတဲ့ အခြေအနေကနေ လွတ်မြောက် လာတဲ့အတွက် ပြည်သူတွေအနေနဲ့လဲ ဝမ်းသာနေပါတယ်။ မိုးရွာသွန်းလာတဲ့အတွက် သောက်သုံးရေ သိုလှောင်သွားဖို့ အတွက်လဲ စီစဉ်သွားမယ်"ဟု သဘာဝပတ်ဝန်းကျင် အေဂျင်စီ (EA)မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းရေဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးအတွက် ကန်ဒေါ်လာ သုံးဘီလီယံကျော် လိုအပ်နေ

**ဂျကာတာ ဒီဇင်ဘာ ၉**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတွင် ရေဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ခန့်မှန်း အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော် လိုအပ်နေကြောင်း အင်ဒိုနီးရှား Disaster Mitigation Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် မြောက်ဆူမတြားတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈ ဘီလီယံကျော်၊ အနောက် ဆူမတြားတွင်လည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၁ ဘီလီယံကျော် လိုအပ်နေကာ ကျွန်းတစ်ခုလုံးစာအတွက် အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ထိ လိုအပ်နေကြောင်းလည်း Disaster Mitigation Agency က ထုတ်ပြန်သွားခဲ့သည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလနောက်ဆုံးပတ်က စတင်ခဲ့တဲ့ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတွေမြင့်မားခဲ့ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေဆောင်ရွက်သွားဖို့အတွက် ဘဏ္ဍာငွေလိုအပ်ချက်တွေရှိနေပါတယ်။ ခန့်မှန်း အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်လောက်ထိ လိုအပ်နေပါတယ်"ဟု Disaster Mitigation Agency မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

ဆူမတြားကျွန်းတွင် မုန်တိုင်းဝင်ရောက် တိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုလည်းဖြစ်ပေါ်နေပြီး ပျက်စီးဆုံးရှုံးမှုများခဲ့သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူအင်အားနှင့် ငွေအင်အား လိုအပ်မှုများရှိနေ၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## ဆိုမာလီယာနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုပြဿနာကို ဖြေရှင်းရန် တရုတ်နိုင်ငံက ကန်ဒေါ်လာတစ်သန်း ပေးအပ်

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၉**

ဆိုမာလီယာနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုပြဿနာကို ဖြေရှင်းရန် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာတစ်သန်း ပေးအပ်ခဲ့ကြောင်း Somalia Disaster Management Agency(SoDMA)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆိုမာလီယာနိုင်ငံသည် မိုးခေါင်ရေရှားပါးမှု ပြဿနာကြောင့် အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသည့် ပြည်သူ သန်းနှင့်ချီ၍ရှိနေပြီး အစိုးရအနေဖြင့် လုံလောက်သည့် ကူညီပံ့ပိုးမှုမျိုး မလုပ်နိုင်သည့်အတွက် ကုလသမဂ္ဂအဖွဲ့အစည်းထံသို့ အကူအညီတောင်းခံထားသည့်အတွက် တရုတ်နိုင်ငံက လူသားချင်းစာနာထောက်ထားမှု အစီအစဉ်အရ ယနေ့တွင် အမေရိကန်ဒေါ်လာတစ်သန်း ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

ဆိုမာလီယာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ယူက တရုတ်အစိုးရက ထောက်ပံ့ပေးအပ်ခဲ့သောအလှူငွေကို Somalia Disaster Management Agency (SoDMA)ဥက္ကဋ္ဌ မိုဟာမက်မိုအာလမ်ထံသို့ တိုက်ရိုက်ပေးအပ်ခဲ့ကြောင်း သိရသည်။

"တရုတ်အစိုးရအနေနဲ့ လူသားချင်းစာနာထောက်ထားရေး အစီအစဉ်အရ ဆိုမာလီယာနိုင်ငံက မိုးခေါင်ရေရှားပါးမှုဒဏ်သင့် ပြည်သူတွေအတွက် အမေရိကန်ဒေါ်လာတစ်သန်း ပံ့ပိုးပေးအပ်နိုင်ခဲ့ပါတယ်။ မိုးခေါင်ရေရှားပါးမှုကြောင့် ပြည်သူတွေ တော်တော်လေး ဒုက္ခရောက်နေတာတွေ့ရတယ်။ ဆိုမာလီယာအစိုးရအနေနဲ့လဲ အတတ်နိုင်ဆုံးကူညီပံ့ပိုးနေတာ တွေ့ရပါတယ်။ သမ္မတ ရှီကျင့်ဖျင်အနေနဲ့ ဆိုမာလီယာ ပြည်သူတွေအတွက် တတ်နိုင်သလောက် ကူညီပံ့ပိုးပေးဖို့ ဆုံးဖြတ်ခဲ့တဲ့အတွက် အခုလို အလှူငွေပံ့ပိုးပေးအပ်ခဲ့တာ ဖြစ်ပါတယ်။ နောက်ထပ်လဲ တတ်နိုင်သလောက် ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်"ဟု ဆိုမာလီယာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ယူက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## စပိန်နိုင်ငံ တီနီရီဖီကျွန်းတွင် လှိုင်းလုံးကြီးများ ရိုက်ခတ်မှုကြောင့် လူလေးဦး သေဆုံးကာ တစ်ဦးပျောက်ဆုံးနေ

**မက်ဒရစ် ဒီဇင်ဘာ ၉**

စပိန်နိုင်ငံ တီနီရီဖီကျွန်းတွင် ဒီဇင်ဘာ ၈ ရက်က အားကောင်းသောလှိုင်းလုံးကြီးများရိုက်ခတ်မှုကြောင့် ခရီးသွားများ ပင်လယ်ထဲသို့ ပြုတ်ကျကာ မျောပါသွားပြီးနောက် လူလေးဦးသေဆုံးကာ တစ်ဦးပျောက်ဆုံးနေသဖြင့် ယနေ့တွင် ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားခဲ့သည်။

စပိန်နိုင်ငံ တီနီရီဖီကျွန်းတွင် ယခုလ ပထမပတ်ကတည်းက ပင်လယ်ပြင်တွင် မုတ်သုံလေပြင်းများတိုက်ခတ်မှုကြောင့် ပုံမှန်ထက်ကြီးမားသော လှိုင်းလုံးများ ကျွန်း၏တောင်ဘက် ကမ်းရိုးတန်းသို့ လာရောက်ရိုက်ခတ်နေကြောင်း၊ အဆိုပါဖြစ်စဉ်ဖြစ်ပွားသည့်နေ့က ခရီးသွားများသည် အဆိုပါလှိုင်းလုံးကြီးများ ရိုက်ခတ်သည့်နေရာသို့ သွားရောက်ရေကစားခဲ့ကြကြောင်း၊ ထို့နောက် လှိုင်းလုံးကြီးများ ရိုက်ခတ်မှုကြောင့် ခရီးသွားများပင်လယ်ထဲသို့ပြုတ်ကျကာ မျောပါသွားခဲ့ရကြောင်း သိရသည်။

ကနဦး သတင်းများအရ သေဆုံးသူသုံးဦးဖြစ်ပြီး ၎င်းတို့မှာ အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦး၊ အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက်အတည်မပြုနိုင်သော အမျိုးသားတစ်ဦးတို့ဖြစ်ကြောင်း၊ လေးဦးမြောက် ခရီးသွားအမျိုးသမီးကို ပင်လယ်ထဲမှ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သော်လည်း ရေမွန်းမှုကြောင့် ယနေ့တွင် သေဆုံးသွားခဲ့သဖြင့် သေဆုံးသူ စုစုပေါင်း လေးဦးရှိလာသည်ဟု စပိန်နိုင်ငံ ရုပ်သံက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍမြှင့်တင်

မြန်မာနိုင်ငံသည် ရေခံ၊ မြေခံ၊ အခြေခံကောင်းများ ပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အဆိုပါ အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်ကောင်းကောင်းဖြင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာစေရေးဆောင်ရွက်ရာတွင် နိုင်ငံ၏လူဦးရေထက်ဝက်ကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြသည်ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ မြှင့်တင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများကို အလေးထားဆောင်ရွက်ခြင်းနှင့် ထုတ်ကုန်အရည်အသွေး မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်မှာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်နိုင်ရန်လိုသည်။ မိမိတို့နိုင်ငံ၏ ရေမြေသည် စပါး၊ ပဲ၊ ပြောင်း စသည့်စားသုံးသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်သည့်အပြင် ဝါ၊ ဝါး၊ ရော်ဘာ စသည့်စက်မှုကုန်ကြမ်းသီးနှံပင်များလည်း နိုင်ငံတစ်ဝန်းရှိ နေရာများ၌ စိုက်ပျိုးထွက်ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ပါက တိုင်းပြည်တွင် စားရေရိက္ခာဖူလုံမည့်အပြင် ပိုလျှံပါက ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိလာမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ့စီးပွားမြင့်တင်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများဆိုသည်မှာ စိုက်ပျိုးရေးထွက်ကုန်များနှင့် မွေးမြူရေးထွက်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်အသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ၊ တစ်ပိုင်းကုန်ချော သို့မဟုတ် အခြားစက်မှုလုပ်ငန်းများအတွက် သွင်းအားစုများ ထုတ်လုပ်သည့်လုပ်ငန်းများဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန် ကုန်ကြမ်းများကို စားသောက်ကုန်အမျိုးမျိုး၊ အထည်အလိပ်များ စသည်တို့အဖြစ်သို့ အသွင်ပြောင်းစေပြီး မူလကုန်ကြမ်းထက် တန်ဖိုးများစွာတိုးမြှင့်သွားစေပြီး နိုင်ငံတော်အစိုးရနှင့် တောင်သူအကျိုးရှိစေမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့်အတူ စက်မှုကုန်ထုတ်လုပ်မှုများပါ တစ်ပြိုင်တည်း တိုးတက်လာစေရန် စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသည့် စက်မှုကုန်ကြမ်းများဖြင့် MSME လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းများပါ တစ်ပါတည်း အားကောင်းလာအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဝါ၊ ဝါး၊ ရော်ဘာ စသည့်စက်မှုကုန်ကြမ်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ဝါစိုက်ပျိုးရေးမှ ချည်မျှင်နှင့်အထည်

❖ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်မှာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်နိုင်ရန်လိုသည်။ မိမိတို့နိုင်ငံ၏ ရေမြေသည် စပါး၊ ပဲ၊ ပြောင်း စသည့်စားသုံးသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်သည့်အပြင် ဝါ၊ ဝါး၊ ရော်ဘာ စသည့် စက်မှုကုန်ကြမ်းသီးနှံပင်များလည်း နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးထွက်ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ပါက တိုင်းပြည်တွင် စားရေရိက္ခာဖူလုံမည့်အပြင် ပိုလျှံပါက ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိလာမည်ဖြစ်သည်။ ❖

အလိပ်လုပ်ငန်း၊ ဝါးစိုက်ပျိုးရေးမှ လုသုံးကုန်နှင့် စက္ကူလုပ်ငန်း၊ ရော်ဘာစိုက်ပျိုးရေးမှ တာယာနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဝါး၊ ဝါနှင့် ရော်ဘာတို့မှာမိမိတို့နိုင်ငံ၏ ရေ မြေ ရာသီဥတုနှင့်ကိုက်ညီ၍ စဉ်ဆက်မပြတ်ရရှိနိုင်သော ကုန်ကြမ်းများဖြစ်ပြီး နည်းပညာ၊ ဆန်းသစ်တီထွင်မှုတို့နှင့်ပေါင်းစပ်ပါက တန်ဖိုးမြှင့်ကုန်ပစ္စည်းအမယ်ပေါင်း များစွာထုတ်လုပ်နိုင်သည့်သဘာဝကုန်ကြမ်း၊ စိုက်ပျိုးကုန်ကြမ်းများဖြစ်သည်။ ရော်ဘာကုန်ကြမ်းမှ ကုန်ချောပစ္စည်းထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပသို့ပါ တင်ပို့နိုင်ပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေနိုင်သည်။

ထို့ပြင် ကော်ဖီသည် မြန်မာတစ်နိုင်ငံလုံးတွင် စိုက်ပျိုးနိုင်သည့် နှစ်ရှည်သီးနှံဖြစ်ပြီး ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားရှိသည့် သီးနှံဖြစ်သည်။ မြန်မာနိုင်ငံသည် အာရေဗီးကားကော်ဖီ ခေါ် ကုန်းမြင့်ကော်ဖီကို စိုက်ပျိုးနိုင်သကဲ့သို့ ရိုဘတ်စတာ ခေါ် မြေနိမ့်ကော်ဖီကို စိုက်ပျိုးနိုင်သည့် အခြေအနေများရှိနေသော်လည်း တစ်နိုင်ငံလုံး ကော်ဖီထုတ်လုပ်မှုမှာ တစ်နှစ်လျှင် တန်ချိန် ၇၀၀၀ ကျော်ခန့်သာရှိနေသည်။ မြန်မာ့ကော်ဖီထုတ်ကုန်ကို ကမ္ဘာ့ဈေးကွက်တွင် ပိုမိုထိုးဖောက်နိုင်ရေးနှင့် မြန်မာနိုင်ငံကို ကော်ဖီအမြောက်အမြားတင်ပို့သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုလာစေရေးဆောင်ရွက်သွားရမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံပြီး ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် အရည်အသွေးပြည့်ဝသည့် လုပ်သားအရင်းအမြစ်ကောင်းများ လိုအပ်ပေသည်။ နိုင်ငံတွင် ပညာရေးအားကောင်းလာမှသာလျှင် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် လုပ်သားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင် ဝင်ရောက်နိုင်သည့် ပိုလီတက္ကနစ်တက္ကသိုလ်များ ဖွင့်လှစ်သင်ကြားတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သလို ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ခရိုင်အလိုက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ အထိုက်အလျောက်ရရှိနေသည်ကို တွေ့ရသည်။

နိုင်ငံတော်အနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးနှင့် တောင်သူတစ်ဦးချင်းဝင်ငွေ တိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၂၈၆ ဒသမ ၁ ဘီလီယံဖြင့် မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံများ စိုက်ပျိုးခြင်းအစီအစဉ်နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၃၂ ဘီလီယံဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသားတိုးကြက်၊ ဥစားဘဲနှင့် အသားတိုးဝက်မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နေကြာသီးနှံစိုက်ပျိုးရေးကို အထူးဦးစားပေးဆောင်ရွက်ကာ ပြည်တွင်းစားသုံးဆီလိုအပ်မှုကို ဖြည့်ဆည်းပေးပြီး ပြည်ပမှစားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ကမ္ဘာ့ပေါ်တွင် စားရေရိက္ခာထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မည့် ရေခံမြေခံကောင်းများရှိနေသည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို ပိုမိုမြှင့်တင်သွားကြရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုတိုးတက်မှ နိုင်ငံ့ဝင်ငွေတိုးမည်၊ နိုင်ငံ့ဝင်ငွေတိုးမှ နိုင်ငံတော်၏လူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည်ဖြစ်၍ နိုင်ငံတော်နှင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတို့က အတူလက်တွဲ၍ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**– နေ့စဉ်ထုတ်သတင်းစာများ**

**စိုးကျော်ခ**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၇၆၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၇၆၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၅၈၄ ကေနှင့် ဖူးစားပြောင်း ၁၉၃၂၇ ကေ စုစုပေါင်း ၂၂၉၁၁ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၃၂၂ ကေ၊ ဖူးစား ပြောင်းကေ ၁၅၂၈၀ စုစုပေါင်း ၁၇၆၀၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပြောင်း ၂၂၉၁၁ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၁၇၆၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ကေလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ကေ စိုက်ပျိုးပါက ကုန်ကျစရိတ်ငွေကျပ် ငါးသိန်းရှိကြောင်း၊ ဖူးစားပြောင်း တစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ကုန်ကျစရိတ်ငွေကျပ် ငါးသိန်းကျော်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပြောင်းကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)



# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၉၃၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၉၃၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဂျုံကေ ၁၀၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၅၀၄ ကေ၊ ကနီမြို့နယ်တွင် ကေ ၇၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၀၈၉ ကေနှင့် ပုလဲမြို့နယ်တွင် ၅၆၁ ကေ စုစုပေါင်း ၂၉၃၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံကေ ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေ အသိပညာပေးဆွေးနွေးတာတွေလုပ်တယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ နှံသားတွေပေါင်းရှင်းဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဂျုံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးနေတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုံလျာထားကေအားလုံးပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံအထွက်နှုန်းတိုးတက် ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ဂျုံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ကေစိုက်ပျိုးလျှင် ငွေကျပ်သုံးသိန်းခန့် ကုန်ကျစရိတ်ရှိပြီး ဂျုံတစ်ကေစိုက်ပျိုးပါက ၂၁ တင်း ထွက်ရှိကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဂျုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေပဒေသာစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေပဒေသာ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် အောက်တိုဘာလက ရေပဒေသာ စပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလတစ်လအတွင်း ရေပဒေသာစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ရေပဒေသာစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချနေတာပါ။ ရေပဒေသာစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ဆန်ကြမ်းဆိုပေမဲ့လဲ စားလို့ကောင်းတဲ့ စပါးဖြစ်ပါတယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ရေပဒေသာစပါးတွေကို တင်ပို့ရောင်းချတဲ့ အခါမှာလဲ အခက်အခဲမရှိ အဆင်ပြေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရေပဒေသာစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၃၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရေပဒေသာစပါးများသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့်ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကိုပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဗ္ဗာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm













## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်နေ မောင်မြချမ်းသာ (ဘ) ဦးဇော်ဝင်းဗိုလ်(၉/ခအဇ(နိုင်)၀၃၃၈၄၃) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ–718533)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–2013545

## ပျောက်ဆုံးကြောင်း

ကျောက်မဲမြို့၊ နယ်မြေ(၇)၊ ရပ်ကွက်(၉)နေ မအေးအေးစန်း (ဘ) ဦးရန်တာစော(၁၃/ကမန(နိုင်)၀၈၃၀၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA–364926)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–402717258

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ ညည/၆၅၊ သင်ပန်းကုန်း ရပ်ကွက်နေ ကျော်စွာဝင်း (ဘ) ဦးထွန်းရွှေ(၉/မခန(နိုင်)၁၅၄ ၁၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–980661126

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့၊ ရွာသစ်ရွာနေ (ဘ) ဦးရွှေစိုး၏သား အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (အုန်းတော)၊ Grade–11(စက်မှု) BT တန်းတွင် ပညာသင်ကြားနေသော မောင်ဖြိုးမောင်မောင်၏ မွေးသက္ကရာဇ် အမှန်မှာ (၂၇–၇–၂၀၀၇)ဖြစ်ပါကြောင်း။ ၂၇–၇–၂၀၀၇



❖ ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏ အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံ ကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများဖြစ်ရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ




ရန်ကုန် ဒီဇင်ဘာ ၉

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မြန်မာစံတော်ချိန် ည ၆ နာရီခွဲက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာအားကစားကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကောင်စီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားအဖွဲ့များက ကွင်းအတွင်း နေရာယူကြပြီး ထိုင်းနိုင်ငံ အားကစားကောင်စီဥက္ကဋ္ဌ H. E. Mr. Anutin Charnvirakul က ပြိုင်ပွဲနှင့်ပတ်သက်ပြီး အမှာစကားပြောကြားကာ ထိုင်းဘုရင် Vajira Longkorn က နှုတ်ခွန်းဆက်စကားပြောကြားသည်။ စာမျက်နှာ ၁၉ ကော်လံ ၃ ☆

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ မြင်းကကုန်းကျေးရွာသို့ ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



နေပြည်တော် ဒီဇင်ဘာ ၉

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ ဘိုကလေးမြို့နယ်သို့ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာသို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စာမျက်နှာ ၁၉ ကော်လံ ၁ ❍

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးစဉ်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို အရေးယူ စာမျက်နှာ - ၂၃

ပြင်ဦးလွင်မြို့နယ်တွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့ သယ်ဆောင်မည့် ငွေကျပ် ၁၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၈၅ သိန်းကျော် ဖမ်းဆီးရမိ စာမျက်နှာ - ၂၁

